မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၄ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၈၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

မော်လမြိုင်တပ်နယ် ရွှေနတ်တောင်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်ကြည်ညို

နေပြည်တော်မြို့တော် မေ ၃

မွန်ပြည်နယ် မော်လမြိုင်မြို့ မော်လမြိုင်တပ်နယ် ရွှေနတ်တောင်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို မတ် ၃၁ ရက် နံနက်ပိုင်းတွင် ရွှေနတ်တောင်စေတီတော်ရင်ပြင် မဏ္ဍပ်၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ မော်လမြိုင်မြို့ ကော့လှာပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်ဇနီး၊ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများ၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သီလခံယူဆောက်တည်

အစီအစဉ်အရ ရှေးဦးစွာ ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်သြဝါဒါစရိယအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသ ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ပန်းများကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြပြီး ဆရာတော်ကြီးများက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များ မော်လမြိုင်တပ်နယ် ရွှေနတ်တောင်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် တင်လှူပူဇော်ပွဲတွင် စိန်ဖူးတော်အား တင်လှူပူဇော်ပေးစဉ်။ (သတင်းစဉ်)

ပဒေါင်အမည်ရ ဆီဆေးပန်းချီကား

၁၉၈၃ ခုနှစ် ကျော်ကြားဆင်းပန်းချီဆရာ စောဂျွန်း၏လက်ရာ ဆီဆေးပေါ်တွင် ဖယောင်းဖြင့်ကောက်ကြောင်း ဖော်ထားသည့် ပဒေါင်တိုင်းရင်းသူ မိခင်နှင့် ကလေးငယ်တို့၏ သဘာဝကို ခြယ်မှုန်းထားသည့် ပဒေါင်အမည်ရ ဆီဆေးပန်းချီကားကို ဤသို့တွေ့ရသည်။

(သတင်းအကျယ် စာ-၆)

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး ငါးရပ်နှင့်အညီ ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်၌ ဘုရားပျို စံပြကျေးရွာဖွင့်လှစ်

ရန်ကုန် မေ ၃

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှထွေးဝင်းနှင့်ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့သည် ယမန်နေ့ နံနက် ၈နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ဘုရားပျိုစံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ဘုရားပျို စံပြကျေးရွာ ကျေးရွာအဝင် မုခ်ဦးဖွင့်ပွဲ အခမ်းအနားကို နံနက် ၈ နာရီတွင် စံပြကျေးရွာမုခ်ဦးရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက ကျေးရွာမုခ်ဦးကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ် လှထွေးဝင်းက စံပြကျေးရွာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အမွှေးနံ့သာရည်ပက်ဖျန်း

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် တာဝန်ရှိသူများက စံပြကျေးရွာ ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စံပြကျေးရွာနေ ပြည်သူလူထုအတွက် သန့်ရှင်းသည့် သောက်သုံးရေ ပေးဝေလျက်ရှိသော နှစ်လက်မ စက်ရေတွင်းကို ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

4-4 (01).p65 1 1/5/32, 2:46 PM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဧပြီ ၄ ရက်)

ကျန်းမာကြံ့ခိုင်ခြင်းဖြင့် နိုင်ငံ့တာဝန်ကျေပွန် လမ်းလျှောက်ခြင်းအလေ့အကျင့် ပုံမှန်ပြုလုပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ ခေတ်မီနိုင်ငံတော်ကို တည်ဆောက်နိုင်ရန် နိုင်ငံသူနိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ရန်လိုအပ်သည်။ ကျန်းမာရေးကောင်းမွန်မှသာ နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ပြီး နိုင်ငံတော်၏ကုန်ထုတ်စွမ်းအားများကို တိုးမြှင့်စေမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသည့် လူမှုရေးဦးတည်ချက်တစ်ရပ်ကို ထည့်သွင်းချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံနှင့်အဝန်း နယ်စပ်ဒေသများပါမကျန် ကျန်းမာရေးအဆင့်မြှင့်တင်ခြင်း၊ ကုသမှုလုပ်ငန်းများ အရည်အသွေးတိုးမြှင့်ခြင်း၊ ကျွမ်းကျင်သူများ တိုးမြှင့်ခန့်ထားခြင်းစသည့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သည်။ လူတိုင်းအသက်ရှည်လိုကြသည်။ အနာရောဂါကင်းစင်လိုကြသည်။ အသက်ရှည်၍ အနာရောဂါကင်းစေရန် ကြံ့ခိုင်သန်စွမ်းမှုသည် အဓိကကျသည်။

လူတိုင်းအတွက် ကိုယ်လက်လှုပ်ရှားခြင်းသည် ဆေးတစ်ပါးဖြစ်သည်။ "သက်ရှယ်မရွေး ကျန်းမာရေး ကိုယ်လက်လှုပ်ရှား ကစားပေး"ဟု ဆိုရာတွင် လမ်းလျှောက်ခြင်းသည် အဓိကအားကစားနည်း အဖြစ်ပါဝင်သည်။ အရွယ်သုံးပါးစလုံးနှင့် သင့်လျော်သည်။ လုပ်ဆောင်ရန် လွယ်ကူပြီး တန်ဖိုးအရှိဆုံး ဖြစ်သည်။ မြတ်စွာဘုရားရှင်က ကျန်းမာရေးအတွက်စင်္ကြံလျှောက်ခြင်း (လမ်းလျှောက်ခြင်း) အကျိုးတရားကို ဟောပြောညွှန်ပြထားသည်။

မြတ်စွာဘုရားရှင် ဟောကြားထားသည့် စင်္ကြံလျှောက်ခြင်းအကျိုးတရား(၅)ပါးမှာ– ခရီးသွားလာနိုင်ခြင်း၊ အားအင်ကြံ့ခိုင်ခြင်း၊ ရောဂါအမျိုးမျိုး ကင်းစင်ခြင်း၊ အစာကြေကျက်လွယ်ခြင်း၊ သမာဓိ တည်ကြည်ခြင်းတို့ ဖြစ်ကြသည်။

အနာကင်းရုံ၊ ရောဂါကင်းရုံသာမက ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခတို့နှင့်ပြည့်စုံခြင်းကို "ကျန်းမာခြင်း"ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကိုယ်လက်လှုပ်ရှားမှုမရှိခြင်း (သို့မဟုတ်) ကိုယ်လက်လှုပ်ရှားမှု ချို့တဲ့ခြင်းကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ်လူဦးရေ နှစ်သန်းခန့်သည် ရောဂါဖြစ်ခြင်း၊ ကိုယ်ခန္ဓာမသန်မစွမ်းဖြစ်ခြင်းနှင့် သက်တမ်းမစေ့မီ သေဆုံးခြင်းစသည်တို့ကို ရင်ဆိုင်နေရကြောင်း ထုတ်ပြန်ဖော်ပြထားသည်။

နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အဝလွန်ရောဂါ၊ သွေးတိုးရောဂါ၊ ကင်ဆာရောဂါနှင့် အရိုးပွရောဂါကဲ့သို့သော ရောဂါများဖြစ်ပွားရခြင်း၏ အကြောင်းရင်းများထဲတွင် လမ်းလျှောက်ခြင်းကဲ့သို့သော ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းသည် အဓိကအချက်အဖြစ် ပါဝင်သည်။

လမ်းလျှောက်ခြင်းဖြင့် ကိုယ်၊ စိတ်၊ လူမှုရေးသုခ သုံးပါးစလုံးကို ရရှိနိုင်သည်။ လမ်းလျှောက်ခြင်းကို အလေ့အကျင့်ရပါက အလွယ်တကူ ဆောင်ရွက်နိုင်ကြသည်။ ဆေးဝါးမလိုသော ရောဂါကာကွယ်နည်းလည်းဖြစ်သည်။ အသက်ကိုဉာဏ်စောင့်ကြောင်း လက်တွေ့ပြခြင်းလည်း ဖြစ်သည်။ လမ်းလျှောက်ခြင်း၏ တန်ဖိုးကို ကောင်းစွာသိရှိပြီး လမ်းလျှောက်သည့်အကျင့်ကို ပုံမှန်ပြုလုပ်ပေးပါက အသက်ရှည်ကျန်းမာနိုင်စေကာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကိုလည်း အထောက်အကူပြုမည်ဖြစ်သည်။

လမ်းလျှောက်ခြင်းကို ဖွဲ၊ လုံ့လ၊ ဝီရိယဖြင့် အားသွန်ခွန်စိုက် ပုံမှန်ပြုလုပ်ပါက အစာကြေလွယ်၍ စားဝင်အိပ်ပျော်ပြီး အဆီဓာတ်လျော့နည်းကျဆင်းသွားကာ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အစာအိမ်ရောဂါ၊ ဝမ်းချုပ်ရောဂါများကို ကြိုတင်ကာကွယ်နိုင်သည်။ ပို၍လည်းနုပျိုသည်၊ ကြွက်သားများသန်စွမ်းပြီး သွက်လက်ဖျတ်လတ်ကာ လုပ်ငန်းဆောင်တာများကို ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်သည်။ အသားအရေကိုလည်း စိုပြည်စေသည်။ စိတ်ကျန်းမာရေးကိုလည်း အထောက်အကူပြုသည်။ ကိုယ်ကာယကြံ့ခိုင်လာသည်နှင့်အမျှ စိတ်ဓာတ်လည်း တည်ကြည်ခိုင်မာလာမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူတစ်ဦးချင်းအနေဖြင့်လည်း အသက်ရှည်၍ အနာကင်းပြီး ကျန်းမာကြံ့ခိုင်စွာဖြင့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် တာဝန်ကျေပွန်စွာ ပါဝင်ထမ်းဆောင်နိုင်ရန် လမ်းလျှောက်ခြင်း အလေ့အကျင့်ကို ပုံမှန်ပြုလုပ်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည် စိမ်းလန်းစိုပြည်ရေး စိုက်ပျိုးရန် စီမံခန့်ခွဲရေးကြီးကြပ်မှုကော်မတီ စည်းဝေး တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းတက်ရောက် အမှာစကားပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည် ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး စိုက်ပျိုးရန် စီမံခန့်ခွဲရေး ကြီးကြပ်မှုကော်မတီ၏ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၃

ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး စိုက်ပျိုးရန်စီမံခန့်ခွဲ ရေး ကြီးကြပ်မှုကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၁ ရက် ညနေ ၃ နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည် ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး စိုက်ပျိုးရန် စီမံခန့်ခွဲရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ရန်ကုန်မြို့တော်မိုင် ၃၀ ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည် စေရေးအတွက် ရေလှောင်တမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ ရေထိန်းတံခါးကြီးများဖြင့် စိုက်ပျိုးရေပေးဝေ၍ နွေစပါး၊ မိုးစပါး၊ ဆောင်းသီးနှံ၊ ပဲမျိုးစုံနှင့် အခြားစီးပွားဖြစ် သီးနှံများ စိုက်ပျိုးလျက်ရှိသည့် အခြေအနေ၊ ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ရန်ကုန်တိုင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် ဧက ၅ သိန်း ရာနှုန်းပြည့် စိုက်ပျိုးရေးတို့နှင့်ပတ်သက်၍ ရှင်းလင်းအမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည် ဝန်းကျင် စိမ်းလန်းစိုပြည် စေရေး စိုက်ပျိုးရန်စီမံခန့်ခွဲရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီး အကဲများ၊ ဇုန်တာဝန်ခံများနှင့် အစည်းအဝေးသို့ တက် ရောက်လာကြသူများက ရန်ကုန် မြို့တော် မိုင် ၃၀ ပတ် လည်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး စိုက်ပျိုးရန် စီမံခန့်ခွဲ ရေးကြီးကြပ်မှုကော်မတီ၏ ဖွဲ့စည်းပုံ၊ စိုက်ပျိုးရန် ဇုန်နယ် မြေများ ခွဲဝေသတ်မှတ်၍ တာဝန်ပေးအပ်မှု၊ စိုက်ပျိုးရန် လျာထားစီမံချက်၊ ဇုန်များအလိုက် နွေစပါး၊ ပဲမျိုးစုံနှင့် အခြားစီးပွားဖြစ် သီးနှံများ စိုက်ပျိုးပြီးစီးမှုနှင့် ရန်ကုန်မြို့ တော် မိုင် ၃၀ ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး အတွက် ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍများအလိုက် ပံ့ပိုးစီမံ ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၄-၄-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၄၅ ၇။ ခါသကြီန်အဆိုအကများ
- ၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာမြန်မာ
- ၄း၁၅ ၄။ ခါသကြီန်အဆိုအကများ
- ၄း၂၅ ၅။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၃၀ ၆။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၅၀ ၈။ မျိုးချစ်တပ်မတော်
- ၅း၁၀ ၉။ ပညာခေတ်
- ၅း၃၀ ၁၀။ ခါသကြီန်အဆိုအကများ
- ၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၄။ မိုးလေဝသသတင်း
- ၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း–၂၇)
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ ကျန်းမာသုတ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကောင်းကင်းသိုင်းကွက်"** (အပိုင်း–၁၈)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃ လမ်းမှတ်တိုင်အနီး)တွင် အမှတ် ၁၄(ဘီ) ၃ ရွှေတောင်ကြား ၂ ရပ်ကွက် ရွှေတောင်ကြားလမ်း ဗဟန်းမြို့နယ်နေ ဦးသာဒွန်း –(ဒေါ်စောတင်)နှင့် မိသားစုကငွေကျပ်တစ်သိန်းကို ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြစ်တွေ့လျှင် တံတားဆောက် တောင်တွေ့လျှင် ဥမင်ဖောက်

"ပခုက္ကူသည် မီးရထားလမ်းတည်ရှိသော မြင်းခြံမြို့နှင့် ဧရာဝတီမြစ်ကြီးခြားနေပြီး မုံရွာမြို့နှင့် ချင်းတွင်းမြစ်ကြီး ခြားနေသည်။ မီးရထားလမ်း ဖောက်လုပ်ရေးအတွက် မသင့်တော်သောအခြားအကြောင်းမှာ စီးပွားရေး ကူးသန်းရောင်းဝယ်ရေးအချက်အချာမကျခြင်း၊ အုပ်ချုပ်ရေးအတွက် အရေးမပါခြင်းတို့ဖြစ်သည်"

ဒေါက်တာသက်လွင်

ဤမှတ်ချက်သည် ၁၉၁၃ ခုနှစ်တွင် မကွေးတိုင်း ဒုတိယတိုင်းမင်းကြီး ဗိုလ်မှူး F.Owens ရေးသားတင်ပြသော ပခုက္ကူခရိုင် ဂေဇက်တီးယားစာအုပ်မှ စာသားဖြစ်ပါသည်။ အင်္ဂလိပ်တို့သည် ၁၉၀၀ ပြည့်လွန်နှစ်များက ထိုသို့ ထင်မြင်ယူဆခဲ့ကြသော်လည်း ၁၉၄၂ ခုနှစ်တွင် ယောဒေသကိုဖြတ်သန်း၍ အိန္ဒိယပြည်တွင်းသို့ ဆုတ်ခွာခဲ့ရသည်။ ဂျပန်တပ်များသည် ပုံတောင်၊ ပုံညာ တောင်တန်းကြီးများကို ကျော်ဖြတ်ပြီး အင်္ဂလိပ်တပ်၏ အနောက်သို့ လိုက်၍ တိုက်ခိုက်သည်။ အာသံပြည်နယ်ထိရောက်သည်။ နာမည်ကျော် အင်ဖာတိုက်ပွဲတွင် ဂျပန်အမှတ်(၁၅) တပ်မတော်မှ စစ်သည်တော် ငါးသောင်းကျော် ကျဆုံးခဲ့သည်။ မဟာမိတ်တပ်သားလည်း သုံးသောင်းနီးပါး အသက်ဆုံးရှုံးခဲ့ရသည်။ အင်္ဂလိပ်တို့သည် ပုံတောင်၊ ပုံညာတောင်တန်းကြီး၏ မဟာဗျူဟာအရ အရေးပါမှုကို သိလိုက်ကြရသည်။ စီးပွားရေးမှာလည်း အင်္ဂလိပ်တို့သည် နှစ်စဉ် ကျွန်းသစ်တန် လေးသောင်းကျော်ကို ပုံတောင်၊ ပုံညာတောင်တန်းများမှ ထုတ်ယူခဲ့သည်။ အုပ်ချုပ်ရေးပိုင်းတွင်လည်း ယောဒေသသည် ချင်းပြည်နယ်၏ တံခါးဝဖြစ်သည်။ ဂန့်ဂေါမြို့မှ ဟားခါးမြို့၊ ကလေးမြို့မှ ဖလမ်းမြို့၊ ကျောက်ထုမြို့မှ မင်းတပ်မြို့၊ ဆောမြို့မှ ကန်ပက်လက်မြို့များသို့ တက်ကြရသည်။

အင်္ဂလိပ်တို့သည် မီးရထားလမ်း ဖောက်လုပ်ရန်မဖြစ်ဟု မှတ်ချက်ချခဲ့သည်မှာလည်း ပုံတောင် တောင်ကြီးသည် ပျမ်းမျှအမြင့်ပေ ၃၅၀၀ရှိပြီး အမြင့်ဆုံးအပိုင်းတွင် ၄၃၆၄ ပေမြင့်သည်။ ပုံညာ တောင်တန်းကြီးသည် ပျမ်းမျှအမြင့်ပေ ၃၀၀၀ ရှိပြီး မြောက်ပိုင်းမှ ကျိုင်းတောင်ထိပ်သည် ၄၄၅၁ ပေ မြင့်သည်။ ထိုတောင်ကြီးနှစ်တောင်ကို ဖြတ်သန်းပြီး မီးရထားလမ်း ဖောက်ရန်ကိစ္စသည် လွယ်ကူသောကိစ္စမဟုတ်ပါ။ စာရေးသူကိုယ်တိုင်ပင်လျှင် ပုံတောင် ပုံညာကို ဖြတ်ပြီး မီးရထားလမ်းဖောက်ဖို့ကတော့ မဖြစ်နိုင်ပါဘူးကွာဟု ထင်မြင်ခဲ့ဖူးပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၁၉၉၂ ခုနှစ် နောက်ပိုင်းတွင် ပခုက္ကူ-ဂန့်ဂေါ-ကလေး မီးရထားလမ်းတည်ဆောက်ရေး စီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်ခဲ့သည်။ ရေစကြိုမြို့နယ် မအူကျေးရွာမှ ပခုက္ကူ၊ ထိုမှ မြိုင်မြို့နယ် မြို့ဆိုးရွာ၊ ထိုမှ ပေါက်မြို့နယ် ဇီးပြားရွာ၊ ထိုမှ ပေါက်မြို့နယ် ခေါင်းပေါင်းရွာ စသည်ဖြင့် မီးရထားလမ်းကို အောင်မြင်စွာ ဖောက်လုပ်ပေးနိုင်ခဲ့သည်။

ခေါင်းပေါင်းရွာ၊ ထန်းတောရွာ၊ ကျောသာရွာတို့သည် ပုံတောင် တောင်၏ အခြေတွင်ရှိသည်။ ပုံတောင်တောင်ကြီးကို ဖြတ်သန်းရပေတော့မည်။ သို့သော် အားသာသော သဘာဝတရားတစ်ခုကို လူတို့သိရှိထားသည်။ ကျောချောင်းသည် ပုံတောင်နှင့် ပုံညာအကြားမှ စီးဆင်းလာပြီး ပေ ၃၅၀၀ ကျော်မြင့်သော တောင်ကြီးကို ရေလမ်းရှာပြီး ဖြတ်သန်းစီးဆင်းနေသည်။ ထိုရေလမ်းကြောင်းကို အခြေခံပြီး မီးရထားလမ်းကို ဖောက်လုပ်သည်။ ပုံတောင်တောင်ကြီးကို ကန့်လန့်ဖြတ်ပြီး ဖောက်လုပ်နိုင်သည်။ ဇီးပြားရွာမှ ကျောရွာအထိ မီးရထားလမ်းကို ၉-၄-၁၉၉၇ ရက်တွင် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ကျောရွာမှ ဂန့်ဂေါမြို့သို့ ဆက်လက်ဖောက်လုပ်ရန်မှာ အခက်အခဲကြီးတစ်ခုကို ထပ်မံတွေ့ကြရပြန်သည်။ အမြင့်ပေ ၃၀၀၀ ကျော်ရှိသော ပုံညာတောင်တန်းကြီးက ကန့်လန့်ကြားက ခံနေပြန်သည်။ တာဝန်ရှိပုဂ္ဂိုလ်များသည် ပုံညာတောင်တန်းကြီးကို ကျော်ဖြတ်ပြီး မီးရထားလမ်းဖောက်ရေး

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်းနှင့် ဒုတိယဝန်ကြီး ဦးဖေသန်း တို့ မကြာမီပြီးစီးတော့မည့် ချိန်းအမှတ် ၆၄၆၀ ကျော ချောင်းဖြတ်ကူး မီးရထား တံတား တည်ဆောက်နေ မှုကို ဤသို့ ကြည့်ရှုစစ်ဆေး ခဲ့သည်။



ကိစ္စကို အမျိုးမျိုးကွင်းဆင်းလေ့လာ တိုင်းထွာကြရပြန်သည်။ မဖြစ်နိုင်သေးတာကို ဘေးဖယ်ထားပြီး ဂန့်ဂေါမြို့မှ ကလေးမြို့အပိုင်းကို ဆက်လက်ဖောက်လုပ်ခဲ့သည်။ အောင်မြင်သည်။ ကလေးမြို့မှ ဂန့်ဂေါမြို့အထိသာမက ထီးလင်းမြို့နယ် ရေမျက်နီရွာအထိ မီးရထားလမ်းအပိုင်းကို အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး မီးရထား ပုံမှန်ပြေးဆွဲပေးနိုင်ခဲ့သည်။ ပခုက္ကူမှ ကျောရွာ၊ ကလေးမြို့မှ ရေမျက်နီရွာအထိ ပုံမှန်မီးရထားပြေးဆွဲခြင်း ပြုလုပ်ပေးနိုင်လေပြီ။

ကျောရွာနှင့် ရေမျက်နီအကြား ၁၃ မိုင်ခရီးသာ လိုအပ်နေသည်။ ထိုခရီး ၁၃ မိုင်သည် အခက်အခဲဆုံးအပိုင်းဖြစ်သည်။ **မြန်မာအင်ဂျင်နီယာများသည် မိမိတို့အတတ်ပညာဖြင့် တိုင်းပြည်အတွက် အလုပ်အကျွေးပြုမည်ဟု ဆုံးဖြတ်ကြသည်။ ပုံညာတောင်ကြီးကို ဥမင်လိုဏ်ခေါင်းဖောက်ရန် နိုင်ငံအကြီးအကဲများက ညွှန်ကြားသည့်အတိုင်း အားကြိုးမာန်တက် ဆက်လက်လုပ်ဆောင်ကြသည်။ ပုံညာတောင်ကြီးသည် အမြင့်ပေ ၃၂၅၀ မြင့်သည်။ အမြင့် ၂၁၁၉ ပေအထိကို ကျောရွာဘက်မှ ပတ်လမ်းဖောက်လုပ်နိုင်သည်။ အမြင့် ၂၁၁၉ ပေတွင် ဥမင်ကြီးကို ဖောက်လုပ်သည်။ ဥမင်လိုဏ်ခေါင်းအပေါ်တွင် ပေတစ်ထောင်ကျော် တောင်တန်းအမြင့်ရှိသည်။ ဥမင်ဖောက်လုပ်ရာတွင်လည်း မြန်မြန်ပြီးစီးအောင် အရှေ့ဘက်နှင့် အနောက်ဘက်အပိုင်းတို့ကို တစ်ပြိုင်တည်းဖောက်လုပ်**ကြသည်။

"ဟိုဘက်နဲ့သည်ဘက် အလယ်မှာ ထိပ်တိုက်မဆုံကြရင်တော့ကွာ အခက်ပဲ" ဟု စိုးရိမ်မိခဲ့ကြသည်။

"ဟိုဘက်မှ ဖောက်လာတဲ့ဥမင်နဲ့မဆုံရင်လဲကွာ အသွားတစ်လမ်း အပြန်တစ်လမ်းဖြစ်တာပေါ့ မစိုးရိမ်ကြပါနဲ့"ဟု အားပေးခဲ့ကြသည်။

သို့သော် မြန်မာအင်ဂျင်နီယာပညာရှင်များ မညံ့ကြပါ။ ဥမင်ကို ဟိုဘက် သည်ဘက် ပြိုင်တူဖောက်ခဲ့ကြပြီး ထိပ်ချင်းထိ ကွက်တိဆုံခဲ့ကြသည်။ ဥမင်အရှည်ပေ ၅၆၁၀ ရှည်သည်။ မကြာမီ ပြီးစီးတော့မည်ဖြစ်သည်။ မြန်မာပြည်တွင် အရှည်လျားဆုံးဥမင်ကြီးဖြစ်သည်။ ပုံညာဥမင် အနောက်ဘက်ခြမ်းတွင် ပုံညာတောင်ကြီးပေါ်မှ စီးဆင်းလာသော ချောင်းကြီးမြောင်းကြီးများကလည်း ပေါများလှပါ၏။ တံတားအစင်းပေါင်း ၄၀ကျော် တည်ဆောက်ကြရသည်။ မြင်းခွာပုံနှစ်ပေါက်တွဲ၊ သုံးပေါက်တွဲ ချောင်းကူးတံတားကြီးများအဖြစ် မုံတိုင်၊ ကမ်းယိုင်၊ ထူးပေါက်၊ ကျောက်မြောင်းကြီး၊ ဝန်ခေါင်း၊ ဆပ်ပုတ်၊ ကျောချောင်း စသည်ဖြင့် တံတားကြီးခုနစ်စင်းကိုလည်း တည်ဆောက်ကြရသည်။ မကြာမီ ပြီးစီးတော့မည်ဖြစ်ပါ၏။

ထိုတံတားကြီးများပြီးသွားလျှင် မန္တလေးမှ ပခုက္ကူ၊ ထိုမှ ဂန့်ဂေါ၊ ထိုမှ ကလေးမြို့အထိ တိုက်ရိုက်မီးရထားဖြင့် သွားလာနိုင်ကြတော့မည်ဖြစ်ပါ၏။ ကလေးမြို့သို့ရောက်လျှင် အိန္ဒိယနိုင်ငံအထိ ဆက်လက်ပြီး မီးရထားလမ်း ဖောက်လုပ်ကြဦးမည်ဟု သိရသည်။ ပုံညာဥမင်မီးရထားလမ်းပိုင်းသည် အာဆီယံမီးရထားလမ်း စံနှုန်းအတိုင်း ပေ ၈၀ သွားပြီးတိုင်း အမြင့်တစ်ပေနှုန်း စံချိန်ကိုယူပြီး ဖောက်လုပ်ခဲ့သည်ဟုလည်း သိရသည်။ ပေ ၃၀၀၀ကျော်မြင့်သော ပုံညာတောင်တန်းကြီးကို ကျော်ဖြတ်ပြီး ၁း၈၀ နှုန်း (ပေ ၈၀ သွားပြီးတိုင်း အမြင့်တစ်ပေ)ဖြစ်အောင် ဖောက်လုပ်နိုင်သော မြန်မာအင်ဂျင်နီယာများ၏ ပုံစံထုတ်စွမ်းရည်မှာ သမိုင်းတွင်ရစ်မှာ ဧကန်ဖြစ်ပါ၏။

ဤရထားလမ်းကြီး ပြီးစီးသွားလျှင် ပခုက္ကူမှ ကွမ်းရွက်များသည် အိန္ဒိယနိုင်ငံသို့ လတ်လတ်ဆတ်ဆတ်ရောက်သွားမည်ဖြစ်သည်။ နယ်စပ်ကုန်သွယ်ရေးကို ပုံမှန်ကုန်သွယ်ရေးဖြစ်အောင် ဈေးရောင်းဈေးဝယ် ပြုနိုင်ကြပေတော့မည်။ ယနေ့ခေတ်လူငယ်များသည် မီးရထားစီးပြီး နယ်စပ်ကုန်သွယ်ရေး လုပ်နိုင်ကြပေတော့မည်။ ပခုက္ကူမှ အိန္ဒိယနိုင်ငံနယ်စပ်အထိ ခရီးမှာ မိုင် ၃၀၀ ပင် မပြည့်သဖြင့် ရန်ကုန်မှမကွေး သို့မဟုတ် မိတ္ထီလာခရီးမျှပင် မဝေးကွာပါ။ မီးရထားခမှာလည်း ပခုက္ကူမှ ကလေးမြို့အထိ ကျပ်တစ်ထောင်မျှသာ ဖြစ်ပါ၏။

"မြစ်တွေ့လျှင် တံတားဆောက်၊ တောင်တွေ့လျှင် ဥမင်ဖောက်" ဟူသောဆောင်ပုဒ်မှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားဆေးတစ်ခွက်ဖြစ်ပါတော့၏။ ။

မြန်မာအင်ဂျင်နီယာများသည် မိမိတို့အတတ်ပညာဖြင့် တိုင်းပြည်အတွက် အလုပ်အကျွေးပြုမည်ဟု ဆုံးဖြတ်ကြသည်။ ပုံညာတောင်ကြီးကို ဥမင်လိုဏ်ခေါင်းဖောက်ရန် နိုင်ငံအကြီးအကဲများက ညွှန်ကြားသည့်အတိုင်း အားကြိုးမာန်တက် ဆက်လက်လုပ်ဆောင်ကြသည်။ ပုံညာတောင်ကြီးသည် အမြင့်ပေ ၃၂၅၀ မြင့်သည်။ အမြင့် ၂၁၁၉ ပေအထိကို ကျောရွာဘက်မှ ပတ်လမ်းဖောက်လုပ်နိုင်သည်။ အမြင့် ၂၁၁၉ ပေတွင် ဥမင်ကြီးကို ဖောက်လုပ်သည်။ ဥမင်လိုဏ်ခေါင်းအပေါ်တွင် ပေတစ်ထောင်ကျော် တောင်တန်းအမြင့်ရှိသည်။ ဥမင်ဖောက်လုပ်ရာတွင်လည်း မြန်မြန်ပြီးစီးအောင် အရှေ့ဘက်နှင့် အနောက်ဘက်အပိုင်းတို့ကို တစ်ပြိုင်တည်း ဖောက်လုပ်ခဲ့။

4-4 (03).p65 1 1/5/32, 2:46 PM

အာဖရိကအနောက်ပိုင်း၌ ဦးနှောက်အမြေးရောင်ရောဂါဖြင့် လူ၇၈၄ဦးသေဆုံး

ဘာကီနာဖာဆို ဧပြီ ၃

အာဖရိကအနောက်ပိုင်း ဘာကီနာဖာဆို၌ ယခုနှစ်အတွင်း ဦးနှောက်အမြေးရောင်ရောဂါ နှစ်ကြိမ်မိန်းပါးဖြစ်ပွားခဲ့ရာ လူအများအပြား သေဆုံးခဲ့ရကြောင်း အဆိုပါကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါရောဂါကြောင့် ဘာကီနာဖာဆို၌ ၂၀၀၆ခုနှစ်အတွင်း သေဆုံးသူ ၇၈၄ ဦးရှိသွားပြီဖြစ်ကြောင်း၊ ၂၀၀၅ ခုနှစ်ကပင် ရောဂါကြောင့် သေဆုံးသူ ၄၃၂ဦးရှိခဲ့ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။



လူ၏ ဦးနှောက်ဆဲလ်တစ်ခုကိုတွေ့ရစဉ်။

ကူးစက်ခံရ

ယခုနှစ်အတွင်း အဆိုပါဒေသ၌ ဦးနှောက်အမြေးရောင်ရောဂါ ကူးစက်ခံရသူပေါင်း ၈၁၈၆ဦးရှိကြောင်း၊ သို့ရာတွင် အသေအပျောက်နှုန်းမှာ ၉ ဒသမ ၆ရာခိုင်နှုန်းသာ ရှိခဲ့ကြောင်း ယမန်နှစ်က လူ ၁၉၅၁ဦး ကူးစက်ခံရာတွင် အသေအပျောက်နှုန်း ၂၂ဒသမ ၁ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးဝန်ကြီးဌာနက ရောဂါကူးစက်မှုနှုန်း ဟန့်တားရန်အတွက် ထိရောက်သော အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ယင်းရောဂါသည် ဦးနှောက်ကို ဖုံးအုပ်ထားသော အမြေးပါးနှင့် ကျောရိုး နာမ်ကြောရောင်ရမ်းခြင်းဖြစ်ကာ သေဆုံးခြင်းဖြစ်သည်။

မိမိတို့သည် ဦးနှောက်အမြေးရောင် သံသယရှိသူများကို စနစ်တကျ ကုသခဲ့မှုကြောင့် ယခုနှစ်တွင် ၁၀ရာခိုင်နှုန်း အသေအပျောက်လျော့ကျခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဆော်တီနီဇွန်ဘရီက သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ရေဒါတပ်ဆင်ထားသော စွယ်စုံသုံး ဒုံးပျံသစ်
အီရန်နိုင်ငံ အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့

တီဟီရန် ဧပြီ ၃

အီရန်နိုင်ငံက ရေဒါတပ်ဆင်ထားသော စွယ်စုံသုံး ဒုံးပျံတစ်စင်းကို မတ် ၃၁ရက်က အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း ထိပ်တန်းအရာရှိတစ်ဦး၏ ပြောကြားချက်ကို နိုင်ငံပိုင်ရုပ်မြင်သံကြားက ကိုးကားထုတ်လွှင့်ခဲ့သည်။

ယနေ့သည် မိမိတို့ ဒုံးပျံသစ်ကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့သည့်နေ့ဖြစ်ကြောင်း၊ ယင်းဒုံးပျံသည် ပစ်မှတ်အမျိုးမျိုးကို ပစ်ခတ်တိုက်ခိုက်နိုင်ကြောင်း၊ ၎င်းတွင် စုံစမ်းထောက်လှမ်းရေး ရေဒါကိုပါ တပ်ဆင်ထားကြောင်း အီရန်လေတပ်တပ်မှူး ဟူစိန်ဆလာမီက ပြောကြားသည်။

အောင်မြင်

ယင်းဒုံးပျံ စမ်းသပ်အောင်မြင်မှုသည် နိုင်ငံ၏ကာကွယ်ရေး အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း ဆလာမီက ဖော်ညွှန်းသည်။

ယင်းစမ်းသပ် အောင်မြင်မှုသည် ပါရှန် ပင်လယ်ကွေ့၌ စစ်ရေးလေ့ကျင့်မှု၏ အရေးကြီးသည့် အစိတ်အပိုင်းလည်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

ပြသမည်

ထိုနေ့တွင် အီရန်စစ်သား ၁၇၀၀၀နှင့် စစ်သင်္ဘော ၁၅၀၀တို့သည် တစ်ပတ်ကြာ စစ်ကစားကြမည်ဖြစ်ပြီး အီရန်စစ်တပ်က နိုင်ငံကို ကာကွယ်ရန် အသင့်ရှိမှုကိုလည်း ပြသသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ



အီရန်မှ ရေဒါတပ်ဆင်ထားသည့် စွယ်စုံသုံးဒုံးပျံကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကြော်ငြာအကျီများကြောင့် ကျောင်းသားလူငယ်များ အရက်သောက်သုံးလာနိုင်

နယူးယောက် ဧပြီ ၃

တီရှပ်အကျီများပေါ်တွင် အရက်ကြော်ငြာတံဆိပ်များပါသည့် အကျီဝတ်ဆင်သည့်အလယ်တန်းကျောင်းသားလူငယ်များသည် မကြာမီ အရက်စတင်သောက်သုံးလာဖွယ်ရှိကြောင်း လေ့လာဆန်းစစ်ချက်တစ်ရပ်အရ သိရသည်။

ယင်းတွေ့ရှိချက်ကို တွေ့ရှိခဲ့သော သုတေသနပညာရှင်များသည် ၁၉၉၀ ပြည့်လွန်နှစ်များက အလားတူစီးကရက်တံဆိပ်ပါ အကျီများဝတ်ဆင်သည့် ကျောင်းသားများကို လေ့လာခဲ့ရာ မကြာမီ ဆေးလိပ်သောက်တတ်လာကြောင်း လေ့လာတွေ့ရှိခဲ့သည်။ အကျီအဝတ်အစားများ သို့မဟုတ် အိတ်များပေါ်တွင် ဘီယာတံဆိပ်များသည် ကလေးများကို အရက်သောက်တတ်လာစေရန် တိုက်တွန်းခြင်းဖြစ်ကြောင်း မိဘများနှင့် ကျောင်းသားလူငယ်များက ယင်းကဲ့သို့သော အကျီများဝတ်ဆင်မှုကို စဉ်းစားသင့်ကြောင်း၊ နယူးဟမ်းရှိုင်းယားဒါမောင့်ဆေးကျောင်းမှ ဒေါက်တာအော်ဒင်မက်ကလူရီက ပြောကြားသည်။

ယင်းလေ့လာဆန်းစစ်ချက်ကို အသက်(၁၀)နှစ်မှ (၁၄)နှစ်အရွယ်ရှိ ကျောင်းသား ၂၄၀၀ကို လေ့လာဆန်းစစ်ရာမှ သိရှိရခြင်းဖြစ်ကြောင်း အဆိုပါဒေါက်တာက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

တူရကီ၌ ဗုံးပေါက်ကွဲ၊ တစ်ဦးသေဆုံး၊ ၁၃ဦးဒဏ်ရာရ

အစ္စတန်ဘူလ် ဧပြီ ၃

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ ဘတ်စ်ကားမှတ်တိုင်တစ်ခုအနီး အမှိုက်ပုံးအတွင်းမှနေ၍ ဗုံးပေါက်ကွဲမှု မတ်၃၁ရက်က ဖြစ်ပွားခဲ့ခြင်းကြောင့် တစ်ဦးသေဆုံးပြီး ၁၃ဦးဒဏ်ရာရရှိခဲ့ကြောင်း တူရကီမီဒီယာများက အစီရင်ခံတင်ပြခဲ့သည်။

သဲလွန်စ

ယင်းပေါက်ကွဲမှုနှင့် ပတ်သက်၍ မိမိတို့၏လက်ချက်ဖြစ်ကြောင်း ကာ့ဒ်အကြမ်းဖက်သမားများက ပြောကြားသည်။ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဗုံးရှင်းလင်း ရေးအဖွဲ့များသည် အပျက်အစီးများကြားမှ ဗုံးသဲလွန်စ အစိတ်အပိုင်းများကို ကောက်ယူခဲ့ကြသည်။

ပစ်မှတ်ထား

လွန်ခဲ့သောကာလများအတွင်းက ကာ့ဒ်ခွဲထွက်ရေးသမားများ အစ္စလာမ္မစ်နှင့် လက်ဝဲအစွန်းရောက် ဝါဒီများအပါအဝင် စစ်သွေးကြွအုပ်စုများသည် တူရကီနိုင်ငံတွင် ပြည်သူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ စစ်တပ်များကို ပစ်မှတ်ထား၍ တိုက်ခိုက်မှုများကို ပြုလုပ်ခဲ့ကြသည်။

တူရကီနိုင်ငံ အရှေ့တောင်ပိုင်းတွင် ရဲတပ်ဖွဲ့ဝင်များနှင့် ကာ့ဒ်ဆန္ဒပြသူများ ထိပ်တိုက်ရင်ဆိုင်မှုများဖြစ်ပွားမှုနှင့် ယင်းပေါက်ကွဲမှုသည် တစ်ချိန်တည်းဖြစ်နေသည်။ ယင်း ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်မှုများကြောင့် အင်္ဂါနေ့ကတည်းက စ၍သေဆုံးသူ ခုနစ်ဦးအထိ ရှိသွားပြီ ဖြစ်သည်။

ကာ့ဒ်နိုင်ငံအတွက် ၁၉၈၄ခုနှစ်တွင် လက်နက်စွဲကိုင် တိုက်ခိုက်ခဲ့ကတည်းက သေဆုံးသူအရေအတွက်သည် ၃၀၀၀၀ကျော်အထိ ရှိခဲ့ခြင်းကြောင့် တူရကီအစိုးရသည် ကာ့ဒ်အလုပ်သမားပါတီ (ပီကေကေ)ကို အကြမ်းဖက်အဖွဲ့အဖြစ် မြင်နေခဲ့ပြီး ယင်းပါတီကို ပြစ်တင်ပြောဆိုခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

တူရကီ၌ ဗုံးပေါက်ကွဲပြီးနောက် စစ်ဆေးမှုများပြုလုပ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မိုးခေါင်မှုဒဏ်ကို ခံနေရသော ဆိုမာလီ ပြည်သူများအား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဆိုမာလီ၌ မိုးခေါင်ပြီး သစ်တောများခြောက်သွေ့
မိုးဆက်ခေါင်လျှင် လစဉ် လူတစ်သောင်းခန့် သေဆုံးနိုင်

ဂျီနီဗာ ဧပြီ ၃

ဆိုမာလီ၌ လာမည့်မိုးရာသီတွင် သစ်တောများ ခြောက်သွေ့သည်ထက် ပို၍ခြောက်သွေ့လာလျှင် လစဉ်လူ ၁၀၀၀၀ခန့် သေဆုံးနိုင်ကြောင်း ကုလသမဂ္ဂအကူအညီပေးရေး အေဂျင်စီက မတ် ၃၁ရက်၌ ပြောကြားသည်။

အာဖရိက၏ ဟွန်းဒေသတစ်ဝန်း မိုးခေါင်မှုများသည် ဆယ်စုနှစ်များအတွင်း အဆိုးရွားဆုံးဖြစ်ခဲ့ကာ ဆိုမာလီ အလယ်ပိုင်းနှင့်တောင်ပိုင်း၌ အစာရေစာပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ကင်ညာ၊ အီသီယိုးပီးယား၊ အီရီထရီးယားတို့၌လည်း အလားတူ မိုးခေါင်လျက်ရှိသည်။ ဆိုမာလီလူမျိုးနှစ်သန်းခန့် မိုးခေါင်မှုဒဏ်ခံစားနေရပြီး မိုးရေလုံလောက်စွာမရသဖြင့် စက်တင်ဘာလမှစပြီး လူပေါင်း ၉၀၀၀၀၀ခန့် ဒုက္ခသည်ရက်ပ်နှင့် ရင်ဆိုင်နေရကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (အက်ဖ်အေအို)က ပြောကြားသည်။

ယင်းကဲ့သို့ အခြေအနေများကြောင့် လစဉ်လူ ၁၀၀၀၀မှ ၁၂၀၀၀အထိသေဆုံးနိုင်ကြောင်း ဆိုမာလီဆိုင်ရာ အက်ဖ်အေအိုအရာရှိ ဂရာဟမ်ဖားမားက သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

အမေရိကန်၏လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေမူကြမ်း နယူးယောက်မြို့တွင် လူအများ ကန့်ကွက်ဆန္ဒပြ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

နယူးယောက် ဧပြီ ၃

အမေရိကန်၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေမူကြမ်းနှင့်ပတ်သက်၍ လူထုဆန္ဒပြပွဲတွင် အမေရိကန်၌ ပြောင်းရွှေ့နေထိုင်သူများနှင့် ဆန္ဒပြသူများအားထောက်ခံသူ ထောင်ပေါင်းများစွာတို့သည် ဧပြီ ၂ရက်က ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

ကန့်ကွက်ဆန္ဒပြသူများသည် လက်တင်အမေရိကနိုင်ငံများမှအလံများကို ဝှေ့ယမ်းကြွေးကြော်ကြပြီး ဘရုစ်ကလင်းဘရစ်ဂျ်ကိုဖြတ်ကျော်၍ မန်ဟက်တန်မြို့သို့ ချီတက်ခဲ့ကြသည်။

ကြွေးကြော်

လူတစ်သောင်းကျော်ပါဝင်သော လူအုပ်ကြီးသည် ငါတို့အားလုံးသည် အမေရိကန်လူမျိုးများဖြစ်တယ်ဟု အော်ဟစ်ကြွေးကြော်ခဲ့သည်။ စပိန်နှင့်အင်္ဂလိပ် ဆိုင်းဘုတ်များကို ကိုင်ဆောင်လာသူများက **“ကျွန်ုပ်တို့သည် ရာဇဝတ်ကောင်များ မဟုတ်”၊ “ပြောင်းရွှေ့နေထိုင်ခြင်းအခွင့်အရေးများသည် လူ့အခွင့်အရေးများဖြစ်တယ်”** စသည်ဖြင့် ကြွေးကြော်ခဲ့သည်။

အခွင့်အရေး

လွန်ခဲ့သော လေးနှစ်က မက္ကဆီကိုနိုင်ငံမှပြောင်းရွှေ့လာပြီး အမေရိကန်တွင် ဆေးသုတ်သမားအလုပ်နှင့် စားသောက်ဆိုင်၌ အလုပ်လုပ်နေသူ ဩဂတ်စတင်းရန်ဂယ်ဆိုသူက ကျွန်ုပ်တို့အလုပ်လုပ်နေခြင်းသည် ဒီနိုင်ငံနှင့် ကိုယ့်မိသားစုအတွက်ဖြစ်ကြောင်း၊ အခြားလူများရနေသော အခွင့်အရေးများတန်းတူ ကျွန်ုပ်တို့ရချင်ကြကြောင်း ထုတ်ဖော်ပြောကြားသည်။

တောင်းဆို

အမေရိကန်နိုင်ငံတစ်ဝန်း လော့စ်အိန်ဂျလိနှင့်အခြားမြို့ကြီးထက် နယူးယောက်မြို့တွင်ပြုလုပ်သည့် ဆန္ဒပြပွဲသည် အကြီးမားဆုံးဖြစ်သည်။ အမေရိကန် အောက်လွှတ်တော်က ပြီးခဲ့သော ဒီဇင်ဘာလက ယင်းလူဝင်မှုကြီးကြပ်ရေး ဥပဒေမူကြမ်းကို ခွင့်ပြုလိုက်ပြီး ယင်းဥပဒေမူကြမ်းက ပြောင်းရွှေ့လာသူများကို တရားမဝင်ပြောင်းရွှေ့လာသူများဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပြီး အမေရိကန်နှင့် မက္ကဆီကို နယ်စပ်တွင် မိုင် ၇၀၀ ရှိသော ခြံစည်းရိုးကာရံရန် တောင်းဆိုခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

အမေရိကန်၌ ကန့်ကွက်ဆန္ဒပြသူများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြက်ငှက်တုပ်ကွေးရောဂါကြောင့် အင်ဒိုနီးရှားတွင် လူ၂၃ဦးသေဆုံးခဲ့

ဂျကာတာ ဧပြီ ၃

ကြက်ငှက် တုပ်ကွေးရောဂါဖြင့် လူ၂၃ယောက်မြောက် သေဆုံးခဲ့ကြောင်း အစိုးရကအတည်ပြုခဲ့ပြီး နောက်တစ်နေ့တွင် အင်ဒိုနီးရှားနိုင်ငံသားတစ်ဦးကို စမ်းသပ်တွေ့ရှိချက်အရ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားနေကြောင်း တွေ့ရှိရကြောင်း ကျန်းမာရေးအရာရှိက ဧပြီ ၁ ရက်၌ ပြောကြားသည်။

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေး ပက်ဖျန်းနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မကြာမီလများအတွင်းက ကြိုတင် သတိပေးမှုများကိုပြုလုပ်ခဲ့သော်လည်း ငှက်များတွင် H_5N_1၊ ဗိုင်းရပ်စ်ပိုးများ ပျံ့နှံ့ခဲ့သည်။

သေဆုံး

ဥရောပနိုင်ငံများတွင် ဖြစ်ပွားခဲ့ပြီးနောက် အာဖရိက နိုင်ငံများသို့ ပျံ့နှံ့လာခဲ့ပြီး အာရှတွင် အသစ်တစ်ဖန် ပြန်လည်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၂၀၀၃ခုနှစ် ကုန်ပိုင်းကတည်းက ယင်းရောဂါဖြင့် သေဆုံးသူ အနည်းဆုံး ၁၀၅ဦး ရှိသွားပြီ ဖြစ်သည်။

ကူးစက်

ပြည်တွင်း၌ စမ်းသပ်ချက်များအရ အသက် ၂၃နှစ်ရှိ ယင်းအမျိုးသားတစ်ဦးတွင် ကြက်ငှက်တုပ်ကွေး ရောဂါ ကူးစက်နေသည်ကို သိရှိခဲ့ရသည်။

၎င်းသည် အသက်ဆက်လက် ရှင်နေသေးပြီး ယခုအချိန်အထိ အခြေအနေသည် ကောင်းမွန်နေဆဲဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားမှုးချုပ် ခမ်ဒန်က ပြောကြားသည်။

စိုးရိမ်

ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များသည် ယင်းဗိုင်းရပ်စ်ပိုးသည် ပုံစံပြောင်းပြီး လူလူချင်းကူးစက်သော ကူးစက်ရောဂါဖြစ်လာမည်ကို စိုးရိမ်နေကြသည်။ ယင်းသို့ ကူးစက်လာပါက လူသန်းပေါင်းများစွာ သေဆုံးနိုင်ခြင်းကြောင့် ဖြစ်သည်။

ရှိမရှိ

ယခုအခါ ရောဂါကူးစက်နေသော အမျိုးသားသည် နာနေသောကြက်များကို ကိုင်တွယ်မိခဲ့ခြင်း ရှိမရှိကို သေချာစွာ မသိရသေးပေ။

အမ်အင်အေ၊ရိုက်တာ

ကမ္ဘောဒီးယားဂျီဒီပီ ၁၀ ရာခိုင်နှုန်းနီးပါးတိုးတက်

ဖနောင်ပင် ဧပြီ ၃

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၀၅ခုနှစ်က ဂျီဒီပီတိုးတက်မှု ၁၀ ရာခိုင်နှုန်းနီးပါးရှိခဲ့ကြောင်း၊ ခုနစ်ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားရာမှ ပို၍ တိုးတက်ခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာက မတ်၃၁ရက်၌ ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ဂျီဒီပီသည် ၉ဒသမ၈ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ မူလက ၇ရာခိုင်နှုန်းတိုးတက်ရန်သာခန့်မှန်းခဲ့ကြောင်း အဆိုပါ မီဒီယာက ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံသည် စိုက်ပျိုးရေး၊ အထည်ချုပ်လုပ်ငန်းနှင့် ခရီးသွားကဏ္ဍများ လျင်မြန်စွာ တိုးတက်ခဲ့သည်။

တိုးတက်

ခရီးသွားလုပ်ငန်းမှ ၃၅ရာခိုင်နှုန်း၊ အထည်ချုပ်လုပ်ငန်းမှ ၁၀ဒသမ ၆ရာခိုင်နှုန်းတိုးတက်ကာ အမေရိကန်ဒေါ်လာ၂ဒသမ၂ဘီလီယံ ဖိုးရှိကြောင်း သိရသည်။

စိုက်ပျိုးရေးကဏ္ဍတွင် ၁၇ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ၂၀၀၅ခုနှစ်၏ အခွန်ကောက်ခံမှုနှုန်းသည် ၂၀၀၅ ဂျီဒီပီ၏ ၁၁ဒသမ၇ရာခိုင်နှုန်းရှိသည်။ ၂၀၀၄ခုနှစ်က ၁၁ဒသမ ၃ရာခိုင်နှုန်း ရှိသည်။

မြင့်တက်

နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၀၄ခုနှစ်က အမေရိကန်ဒေါ်လာ ၁၂၁သန်းဖိုးရှိရာမှ ၂၀၀၅ခုနှစ်တွင် ဒေါ်လာ ၂၁၆သန်းဖိုး ရှိခဲ့သည်။ ပုဂ္ဂလိကချေးငွေကဏ္ဍတွင် ယမန်နှစ်ကထက် ၂၁ဒသမ၃ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှားထူးထူးခြားခြား

ပင့်ကူမျိုးစိတ်

ကမ္ဘာတွင် အကောင်အကြီးဆုံး ပင့်ကူမျိုးစိတ်ဖြစ်သည့် အဆိပ်ပြင်းသော အမွေးပွ ပင့်ကူကြီးတစ်ကောင်ကို တွေ့ရစဉ်။(ယာပုံ)

ယင်းပင့်ကူကြီးကို ဗင်နီဇွဲလားနိုင်ငံ ဆီဂျယ်ကျေးရွာမှ ဖမ်းဆီးရမိခဲ့ပြီး ကမ္ဘာ့ပေါ်တွင် အကောင်အကြီးမားဆုံး ပင့်ကူမျိုးစိတ် ဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာ့အရှည်ဆုံးပလွေ

အရှည် လက်မ၄ဝရှိသော ပလွေတစ်ချောင်းကို တွေ့ရစဉ်။ (အပေါ်ပုံ)

အိန္ဒိယနိုင်ငံ ဥတာပရာဒက်ချ်မြို့ရှိ ပလွေများ အရောင်းဆိုင်တွင် ဈေးဝယ်လာသူများအား အရှည်လက်မ၄ဝရှိ ပလွေကြီးကို မှုတ်၍ ဆိုင်ရှင်က ဆွဲဆောင်ခဲ့သည်။ ယင်းပလွေကြီးသည် ကမ္ဘာတွင် အရှည်ဆုံး ပလွေဖြစ်ကြောင်း ၎င်းက အခိုင်အမာ ပြောကြားထားသည်။ **(အင်တာနက်)**



၁၉၈၂ ခုနှစ် ပန်းချီ ကျောင်းဆင်းကိုနိုင်သူ၏ သစ်ဆွဲသမားဘဝ သရုပ်ကိုဖော်ကျူးထားသည့်သစ်ဆွဲသည့် ဆင်နှင့်လူ၏စွမ်းအားကို အလင်း အမှောင် ပုံရိပ် ပေါ်လွင်အောင်ရေးဆွဲထားသော စွမ်းအား အမည်ရ ဆီဆေး ပန်းချီကား။

ဓာတ်ပုံ-
သိန်းဝင်းလေး
(မြန်မာ့အလင်း)

မြန်မာ့အလှသဘာဝ ဖော်ကျူးသည့် ကျောင်းဆင်းပန်းချီဆရာများလက်ရာ ရိုးရာပန်းပညာရှင်များအစည်းအရုံး၌ ပြသ

သတင်းနှင့်ဓာတ်ပုံ - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မေ ၃

ရန်ကုန် ပန်းချီပန်းပုကျောင်းဆင်း ကျောင်းသားဟောင်းများ၏ ဒုတိယအကြိမ် ပန်းချီပြပွဲဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ရိုးရာပန်းပုပညာရှင်များ အစည်းအရုံး(ဗဟို) ပြခန်းတွင် ကျင်းပရာ ပန်းချီဝါသနာရှင်များ တစ်ခဲနက်လာရောက်အားပေးခဲ့ကြသည်။

ခြယ်မှုန်းထား

အဆိုပါ ပန်းချီပြပွဲတွင် ၁၉၈၁ ခုနှစ်မှ ၁၉၈၃ခုနှစ်အထိ ပန်းချီကျောင်းသားဟောင်း၁၃ဦး၏ အတွေး၊ အမြင်၊ သဘာဝအလှတရားနှင့် တိုင်းရင်းသူ တိုင်းရင်းသားတို့၏ သဘာဝအလှကို ရေဆေး၊ ခဲဆေး၊ Acrylic၊ Pastels ရောင်စုံခြယ်မှုန်းရေးဆွဲထားသည့်ပန်းချီကား၅၃ကားကို ပြသထားသည်။

ပြပွဲကို မေ ၉ ရက်အထိပြသမည်ဖြစ်ပြီး ပြပွဲတွင် ၁၉၈၃ ခုနှစ် ရန်ကုန်တက္ကသိုလ် ပန်းချီပန်းပု ကျောင်းဆင်း ပန်းချီဆရာလှထွန်း၏ အင်းလေး သဘာဝအလှကို အေးမြသည့်အရောင်နှင့်နွေးထွေးသည့်အရောင်ကို ထင်ဟပ်အောင်ခြယ်မှုန်းထားသည့် အင်းလေး အမည်ရ ပန်းချီကား၊ ၁၉၈၁ ခုနှစ် ကျောင်းဆင်း ကိုကျော်ရှိန်၏အင်းလေး ရွှေအင်း တိမ်စေတီများ၏ သရုပ်ကို ပီပြင်အောင် ခြယ်မှုန်းထားသည့် ရေဆေး ပန်းချီကား၊ ၁၉၈၂ ခုနှစ် ကျောင်းဆင်း ကိုသိန်းရွှေကြည်၏ Lifestylewic ပုဂံဘုရား၏ နံနက်ခင်းလူနေမှုဓလေ့ကို အပူအအေး၊ အနွေးရောင်များဖြင့် ဖော်ကျူးထားသည့် ပန်းချီကား၊၁၉၈၂ ခုနှစ် ကျောင်းဆင်း ကိုနိုင်သူ၏ သစ်အလုပ်သမားတို့၏ သဘာဝ အလှတရားနှင့် ဆင်တို့၏သဘာဝ လူ၏စွမ်းအားကို ပီပြင်အောင် ခြယ်မှုန်းရေးဆွဲထားသည့် ပန်းချီကား၊ ၁၉၈၃ ခုနှစ် ပန်းချီဆရာ စောဂျူနီ၏ ဆီဆေးပေါ်တွင် Pastels (ဖယောင်း)ဖြင့် ရေးဆွဲထားသည့် ပဒေါင်တိုင်းရင်းသူ မိခင်နှင့်ကလေး နွေးထွေးမှုသဘာဝကို ပီပြင်အောင် ရေးဆွဲထားသည့်(ပဒေါင်း) အမည်ရ ပန်းချီကား၊ ၁၉၈၂ ခုနှစ် ကျောင်းဆင်း ကိုသဲဇာ၏ မြန်မာလူမျိုးတို့၏ဓလေ့ နံနက်ခင်းတွင် ငှက်မျိုးစုံကုသိုလ်ယူသည့် ဓလေ့ကို Acrylicဖြင့် ရေးဆွဲထားသည့် (နေ့သစ်)အမည်ရ ပန်းချီကား၊ ၁၉၈၁ ခုနှစ် ကျောင်းဆင်းပန်းချီဆရာ ကိုဝင်းသော်၏ ကလောမြို့ တိုင်းရင်းသား တိုင်းရင်းသူများ၏ နံနက်ခင်းဈေးဝယ်သည့် အလှကို ပီပြင်အောင် ခြယ်မှုန်းထားသည့် ကလောဈေးအမည်ရ ဆီဆေးပန်းချီကား၊ ၁၉၈၃ ခုနှစ် ကျောင်းဆင်း ပန်းချီဆရာ ကိုခင်မောင်ကျော်ဦး၏ အင်းလေးကန် သဘာဝကို ဖော်ကျူးထားသည့် ဆီဆေး၊ ပန်းချီကားများကို ပန်းချီ မြတ်နိုးသူများ စွဲမက်နှစ်ခြိုက်အောင် ရေးဆွဲထားသည်။

(၁၁)ကြိမ်မြောက်

မြန်မာနိုင်ငံ ရိုးရာပန်းချီ၊ ပန်းပုပညာရှင်များ အစည်းအရုံး (ဗဟို) မြို့နယ်အုပ်စု ပန်းချီပြပွဲ၏ (၁၁)ကြိမ်မြောက်ပြပွဲဖြစ်သည်။ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) ဗိုလ်ချုပ်ဈေးရှိ ပြခန်းအနေဖြင့် ယခုနှစ်အတွင်း ယခုပြပွဲသည် (၁၁)ကြိမ်မြောက် ပြပွဲဖြစ်ပြီး (၄၁)ကြိမ်မြောက် ပြပွဲအထိ ပြသထားရန် စီစဉ်ထားရှိကြောင်း၊ ယခုပြပွဲတွင် ကျောင်းသားဟောင်းများ ဖြစ်သည့် ပန်းချီဆရာ နိုင်ကြီး၊ ကျော်ရှိန်၊ ဝင်းသော်၊ လှလှအောင်၊ ဂျူနီ၊ ငြိမ်းလတ်အောင်၊ သဲဇာ၊ နိုင်သူ၊ သိန်းရွှေကြည်၊ သက်ဦး၊ ခင်မောင်ကျော်ဦး၊ လှမင်းထွန်းနှင့် ကြည်စိုးတို့၏ လက်ရာများကို ပန်းချီ ဝါသနာရှင်များ၊ ပန်းချီမြတ်နိုးသူများအတွက် စိတ်လှုပ်ရှားဖွယ် ပြသသည့် ပြပွဲတစ်ခု ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ ။

(မြန်မာ့အလင်း)

၁၉၈၁-၈၃ ခုနှစ် ရန်ကုန်ပန်းချီ ပန်းပုကျောင်းဆင်း ကျောင်းသားဟောင်းများ၏ ဒုတိယအကြိမ်မြောက် ပန်းချီပြပွဲတွင် အင်းလေး တိုင်းရင်းသားတို့၏ ရိုးရာဓလေ့စရိုက်များကို ပီပြင်အောင်ခြယ်မှုန်းထားသည့်၁၉၈၃ခုနှစ်ကျောင်းဆင်း ကိုလှထွန်း၏ အင်းလေးအမည်ရ ပန်းချီကား၏ သက်ဝင်လှုပ်ရှားမှု။

ဓာတ်ပုံ-သိန်းဝင်းလေး
(မြန်မာ့အလင်း)

အမေရိကန်၌ လေဆင်နှာမောင်းတိုက်ခတ် အနည်းဆုံးလူ ၁၄ဦးသေဆုံး၊ နေအိမ်များပျက်စီး

အမေရိကန် ပြည်ထောင်စု အလယ်ပိုင်း ပြည်နယ်အချို့တွင် မေ ၂ ရက် မွန်းလွဲပိုင်းက လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်ခဲ့ရာ အနည်းဆုံးလူ ၁၄ဦး သေဆုံးသွားကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ယင်းမုန်တိုင်းကြောင့် တန်နက်ဆီ ဒေသတွင် အပြင်းထန်ဆုံးဖြစ်ပြီး လူ ၁၁ဦးသေဆုံးသွားကြောင်း သိရသည်။ ၎င်းမုန်တိုင်းကြောင့် မစ်ဆိုရီ ပြည်နယ်၌ လူနှစ်ဦး၊ အီလီနွိုက်စ်တွင် တစ်ဦးသေဆုံးခဲ့သည်ဟု ဆိုသည်။

လေဆင်နှာမောင်းသည် အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသကို ဖြတ်သန်းတိုက်ခတ်စဉ်အတွင်း အာကန်ဆက်ပြည်နယ်၌ လူဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိသွားကြောင်း သိရသည်။

လေပြင်းမုန်တိုင်းများသည် ကင်တပ်ကီနှင့် အင်ဒီယာနာဒေသများသို့ ဝင်ရောက်လာစဉ်အတွင်း ထောင်ပေါင်းများစွာသောပြည်သူများ ထွက်ပြေးကြကြောင်း သိရသည်။

ယင်းမုန်တိုင်းကြောင့် သစ်ပင်များအမြစ်မှ ကျွတ်ထွက်ကုန်ပြီး ဓာတ်တိုင်များလဲကျကုန်ကြောင်း၊ နေအိမ်အမိုးများပြုတ်ကျပြီး လမ်းများပေါ်ရှိကားများ တိမ်းမှောက်လဲကျကုန်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ကိုးကား-အင်တာနက်)

အင်တာနက်
သတင်းနှင့် ဓာတ်ပုံများ

ကိုရီးယားရုပ်ရှင်သရုပ်ဆောင် ပတ်(ခ)ချေရင်း(ဆန်းမီ)ပါဝင်သည့် "Tiger Brothers" ရုပ်ရှင်ဇာတ်ကားထုတ်လွှင့်တော့မည်

တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင် ပတ်(ခ)ချေရင်း (ဆန်းမီ) ပါဝင်သရုပ်ဆောင်ထားသည့် "Tiger Brothers" အမည်ရှိ တရုတ်ရုပ်ရှင်ကားကို အေဘီအို ရုပ်မြင်သံကြားလိုင်းမှ လာမည့်မေ ၁၉ရက်မှ စတင်ကာ ထုတ်လွှင့်တော့မည်ဖြစ်သည်။

သဲထိတ်ရင်ဖို

"Tiger Brothers" ရုပ်ရှင်ကားသည် တစ်ချိန်က နာမည်ကျော်ကြားလူကြိုက်များခဲ့သော "Romeo and Juliet"ရုပ်ရှင်ဇာတ်ကားနှင့် ဇာတ်လမ်းဆင်ပြီး သဲထိတ်ရင်ဖို စွန့်စားခန်းနှင့် အချစ်ဇာတ်လမ်းများ ဖြည့်စွက်ထားသော ရုပ်ရှင်ဇာတ်ကား ဖြစ်သည်။

ရိုးရာဝတ်စားဆင်ယင်မှု

၎င်းရုပ်ရှင်ဇာတ်ကားကို အေဘီအို ရုပ်မြင်သံကြားလိုင်းမှ တနင်္လာနေ့မှ သောကြာနေ့အထိ ညစဉ် ၁၁နာရီ ၁၀မိနစ်မှ စတင်ထုတ်လွှင့်ပြသမည် ဖြစ်သည်။ ယင်းဇာတ်ကားတွင် ပတ်(ခ)ချေရင်း(ဆန်းမီ)**(အောက်ပုံ)**၏ တရုတ်ရိုးရာ ဝတ်စားဆင်ယင်မှုများဖြင့် ယဉ်ကျေးသိမ်မွေ့သော သရုပ်ဆောင်မှုများကို တွေ့မြင်ကြရမည်ဖြစ်သည်။

(ကိုးကား-အင်တာနက်)

ကန်ကုန်တင်လေယာဉ်ပျက်ကျ လူ ၁၇ဦးသေဆုံးခဲ့

အမေရိကန်နိုင်ငံ ဒိုဗာမြို့လေဆိပ်အနီး၌ မေ ၃ရက် နံနက်၆နာရီ ၄၅မိနစ်က စီ-၅စစ်ဘက်ကုန်တင် လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ **(ဝဲပုံ)** လေယာဉ်ပေါ်လိုက်ပါသွားသော လူ ၁၇ ဦးစလုံးသေဆုံးခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

(ကိုးကား-အင်တာနက်)

✡ *ကျောဖုံးမှ*

မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်လှစ်ပေးမှုမှသည် ကွန်ပျူတာ ကောလိပ်နှင့် ကွန်ပျူတာတက္ကသိုလ်များအထိ ဖွင့်လှစ်ပေးထားပြီဖြစ်သည်။

ကွန်ပျူတာ နည်းပညာများကို အထူးအလေးထား စနစ်တကျ သင်ကြားပေးနေသော သင်တန်းတစ်ခုမှာ ရွှေတိဂုံဘုရားလမ်း သိမ်ကြီးဈေး(စီ)ရှိ တတိယထပ်ရှိ အမ်စီစီ ကွန်ပျူတာ သင်တန်းသည်လည်း ကွန်ပျူတာ နည်းပညာ လူသားအရင်းအမြစ်များ မွေးထုတ်ပေးရာ ဌာနတစ်ခုဖြစ်သည်။

ယနေ့လူငယ် လူရွယ်များ ကွန်ပျူတာနည်းပညာများနှင့် ပတ်သက်ပြီး သင်ကြားပေးနေမှုများနှင့် စပ်လျဉ်း၍ သတင်းပေးဖော်ပြရန်အတွက် မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်မေးမြန်းခဲ့သည်။

အမ်စီစီ

ရှေးဦးစွာ အမ်စီစီ (M.C.C) ကွန်ပျူတာသင်တန်းကြီး စတင်ဖြစ်ပေါ်လာခြင်းနှင့် စပ်လျဉ်းပြီး သင်တန်းဒါရိုက်တာ ဦးငြိမ်းဦးက ရှင်းပြရာ အမ်စီစီ ကွန်ပျူတာသင်တန်းကို ၁၉၈၉ ခုနှစ်မှစပြီး မြန်မာ့ကွန်ပျူတာကုမ္ပဏီလီမိတက် (အမ်စီစီ) အမည်ဖြင့် ဖွဲ့စည်းထူထောင်ကာ ကွန်ပျူတာနည်းပညာများ ဖြန့်ဝေသင်ကြားပေးခဲ့ကြောင်း၊ ထို့အရင်ကလည်း ၁၉၈၆ခုနှစ်မှစပြီး ဖွင့်လှစ်သင်ကြားပေးမှုများရှိခဲ့ကြောင်း၊ ယင်းမှာ မြန်မာနိုင်ငံတွင် ပထမဦးဆုံး အဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အမ်စီစီ၏ အိုင်စီတီ သင်တန်းများကို အုပ်စုသုံးစုခွဲထားရာ နိုင်ငံတကာအသိအမှတ်ပြု ဒီပလိုမာဘွဲ့၊ ဒီဂရီ စသည်တို့ကို လေ့လာသင်ကြားနိုင်မည့် Academic Achievement သင်တန်းများ၊ အိုင်စီတီပညာရှင်အဖြစ် အသက်မွေးဝမ်းကျောင်း ပြုလုပ်နိုင်မည့် Professional Training သင်တန်းများနှင့် အသိပညာနှင့် ကျွမ်းကျင်မှုကို သက်ဆိုင်ရာနယ်ပယ်အလိုက် ထပ်မံတိုးချဲ့ လေ့လာသင်ကြားနိုင်မည့် Add on Management and Skill Training သင်တန်းများ သင်ကြားပေးနေကြောင်း ဦးငြိမ်းဦးက ဆက်လက်ရှင်းပြသည်။

ရည်ရွယ်

အဆိုပါသင်တန်း သုံးရပ်အနက်မှ အိုင်စီတီဖောင်ဒေးရှင်းကို့စ် (ICT Foundation Course) မှာ အခြေခံသင်တန်းဖြစ်ကြောင်း၊ တက္ကသိုလ်၊ ကောလိပ်များသို့ မတက်ရောက်မီ ကွန်ပျူတာပညာရပ်များကို ကြိုတင်လေ့လာထားသူများ၊ လုပ်ငန်းခွင်အတွင်းသို့ IT Staff အဆင့်ဖြင့်ဝင်ရောက်လိုသူများ၊ လုပ်ငန်းခွင်အတွင်း ကွန်ပျူတာအသုံးပြုလိုသူများအတွက် ရည်ရွယ်ပြီး ဖွင့်လှစ်သည့်သင်တန်းဖြစ်ကြောင်းသိရသည်။

ယင်းအခြေခံ သင်တန်းတွင် ယနေ့မျက်မှောက်ခေတ်၌ တိုးတက်ပြောင်းလဲနေသော ကွန်ပျူတာနည်းပညာများအကြောင်း၊ ကွန်ပျူတာစနစ်တခုတွင်ပါဝင်သော အစိတ်အပိုင်းများနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များ၊ လုပ်ငန်းအဖွဲ့အစည်းများတွင်တပ်ဆင်အသုံးပြုသင့်သော ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများစသော ကွန်ပျူတာနည်းပညာများကို သင်ကြားပေးလျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကုန်သွယ်ရေကြောင်း အရာရှိလောင်း သင်တန်းအပတ်စဉ် စီဒီ (၃၃) ဆင်းပွဲနှင့် အပတ်စဉ် စီဒီ (၃၄) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အခြေခံသင်တန်း

ယင်းအခြေခံ သင်တန်းတွင် ဆော့ဖ် ဝဲလ်အသုံးပြုပုံနှင့် သက်ဆိုင်သည့် Microsoft Office Application အသုံးပြုပုံနှင့် အင်တာနက်နှင့် အီးမေးလ်အသုံးပြုပုံ သင်တန်းများကိုလည်း ကဏ္ဍအလိုက် ခွဲခြားထားပြီး အခြေခံသင်တန်း အဖြစ် သင်ကြားပေးကြောင်း သိရသည်။

အဆိုပါ အခြေခံသင်တန်းတက်ရောက်ပြီးသူများအနေဖြင့် ပြည်တွင်း အခကြေးငွေသက်သာသည့် Professional Training Course သင်တန်း၊ ပြည်ပတက္ကသိုလ်များနှင့် ပူးပေါင်း၍ ဘွဲ့လက်မှတ်ချီးမြှင့်သော Academic Training Course သင်တန်းနှင့် အသိပညာနှင့် ကျွမ်းကျင်မှုကို သက်ဆိုင်ရာ နယ်ပယ်အလိုက် ထပ်မံတိုးချဲ့သင်ကြားနိုင်မည့် Add on Management and Skill Training သင်တန်းများသို့ အဆင့်ဆင့် တက်ရောက်နိုင်မည်ဖြစ်ကြောင်းသိရသည်။

တက်ရောက်သင့်

Professional Training Course ၌ ရုံး၊ ကုမ္ပဏီလုပ်ငန်းဌာနများတွင် ထူထောင်ထားသော Computer Network များကို စီမံခန့်ခွဲသူအဖြစ် လုပ်ကိုင်လိုသူများ တက်ရောက်သင့်သော သင်တန်းဖြစ်သည်။

ထို့အပြင် မျက်မှောက်ခေတ်ကာလတွင် ကျယ်ပြန့်စွာ အသုံးပြုနေကြပြီဖြစ်သော အင်တာနက် ဝက်ဘ်ဆိုက်နှင့် ဝက်ဘ်ပေ့ဂျ်များ အကြောင်းကို စနစ်တကျနားလည်ပြီး မိမိကိုယ်တိုင် အဆိုပါ ဝက်ဘ်ဆိုက်နှင့် ဝက်ဘ်ပေ့ဂျ်များကို တီထွင်ရေးသားနိုင်သော Web Developer အဖြစ် ရပ်တည်လိုသူများလည်း တက်ရောက်သင့်သော သင်တန်းဖြစ်သည်။ Academic Training Course သည် နိုင်ငံတကာသို့ ဝင်ရောက်သွားလာလုပ်ကိုင်နိုင်သော အဆင့်မြင့်သင်တန်းတစ်ခုဖြစ်ကြောင်းလည်း သိရသည်။ ယင်းသင်တန်းမှ IAD ဟုခေါ်သည့် သင်တန်းမှာ စီးပွားရေးနယ်ပယ်တွင် ဝင်ရောက်နိုင်မည်ဖြစ်သည်။ IAD အောင်မြင်ပြီးပါက ပြည်ပတက္ကသိုလ်များတွင် ဆက်လက်၍ ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသား ၁၀၀၀၀ခန့်

ယနေ့အထိ အမ်စီစီကွန်ပျူတာ သင်တန်းများကို မြန်မာနိုင်ငံအနှံ့ ပြည်နယ်နှင့်တိုင်းများတွင် ဖွင့်လှစ်ထားပြီဖြစ်ရာ သင်တန်းဌာနခွဲပေါင်း ၄၇ ခုရှိသွားပြီဖြစ်ကြောင်း သိရသည်။

၁၉၈၉ ခုနှစ်မှ စတင်တည်ထောင်ခဲ့သော အမ်စီစီကွန်ပျူတာသင်တန်းသည် နှစ်စဉ်ကွန်ပျူတာသင်တန်းသားပေါင်း ၁၀၀၀၀ခန့် မွေးထုတ်ပေးခဲ့ပြီဖြစ်ကြောင်းလည်း သိရသည်။

အချုပ်အားဖြင့် ဆိုရသော် အိုင်စီတီနည်းပညာများ ကျွမ်းကျင်စွာ တတ်မြောက်လာစေရန် ယင်းကဲ့သို့သော ကွန်ပျူတာသင်တန်းများကို လူငယ် လူရွယ်များအနေဖြင့် ကျွမ်းကျင်စွာ လေ့လာတတ်မြောက်ထားရန် လိုအပ်ပေသည်။

ရင်ပေါင်တန်းနိုင်မည်

သို့မှသာကုမ္ပဏီနှင့် ရုံးဌာနများတွင် ပေါ်ပေါက်လာပြီဖြစ်သော ကွန်ပျူတာနည်းစနစ်များ၊ ကွန်ပျူတာ အသုံးချမှု၊ ကွန်ပျူတာပြုပြင် ထိန်းသိမ်းမှုနှင့် ကွန်ပျူတာဖြင့် ဝန်ဆောင်ပေးသော လုပ်ငန်းအသီးသီးကို လုပ်ကိုင်နိုင်ကာ ကမ္ဘာနှင့်အညီ အိုင်စီတီ နည်းပညာတွင် ရင်ပေါင်တန်းနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**



ကွန်ပျူတာ အခြေခံသင်တန်းကို ဤသို့ လက်တွေ့သင်ကြားပြသသည်။
(အပေါ်နှင့် ယာပုံ)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

● *ကျောဖုံးမှ*

တက်ရောက်

အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်၊ ရေကြောင်းပညာသိပ္ပံ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ အရာရှိလောင်းများနှင့် ကျောင်းသားမိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရေကြောင်းပညာသိပ္ပံ စစ်ရေးပြကွင်းအတွင်း စစ်ရေးပြတပ်ခွဲများက နေရာယူကြသည်။ ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ကုန်သွယ်ရေကြောင်း အရာရှိလောင်းများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ဆုများပေးအပ်

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ကုန်သွယ်ရေကြောင်း အရာရှိလောင်း စံပြဆုရ ကိုယ်ပိုင်အမှတ် (ရ/၁၂၃၃) ကျော်အောင်ခိုင်လတ်၊ အင်ဂျင်နီယာအရာရှိလောင်း စံပြဆုရ ကိုယ်ပိုင်အမှတ်(စ/၁၁၇၅)ဇင်လတ်၊ ကုန်သွယ်ရေကြောင်းအရာရှိလောင်း စာပေထူးချွန်ဆုရ ကိုယ်ပိုင်အမှတ် (ရ/၁၂၄၆) ဖြိုးမင်းသူ၊ အင်ဂျင်နီယာအရာရှိလောင်း စာပေထူးချွန်ဆုရ ကိုယ်ပိုင်အမှတ် (စ/၁၁၇၅) ဇင်လတ်၊ အင်ဂျင်နီယာ အရာရှိလောင်း စစ်ရေးပြထူးချွန်ဆုရ ကိုယ်ပိုင်အမှတ် (စ/၁၁၉၁) ပြည့်စုံအောင်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကားပြောကြားသည်။ ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးအား ကျောင်းဆင်း တပ်ခွဲများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြပြီး ကျောင်းဆင်းပွဲကို ရုပ်သိမ်းသည်။

ဆက်လက်၍ ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်း အပတ်စဉ် (စီဒီ/၃၃) ထူးချွန်ဆုပေးပွဲနှင့် သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်ချီးမြှင့်ပွဲကို အရာရှိလောင်းများ စုပေါင်းခန်းမ၌ ဆက်လက်ကျင်းပရာ ရေကြောင်းပညာသိပ္ပံကျောင်းအုပ်ကြီး ဦးဝင်းသိမ်းက ကျောင်းဆင်းအရာရှိလောင်းများကို ဆုံးမဩဝါဒစကား ပြောကြားသည်။

သင်တန်းဆင်းလက်မှတ်ပေး

ထို့နောက် ရေကြောင်းပညာသိပ္ပံကျောင်းအုပ်ကြီး ဦးဝင်းသိမ်းနှင့် တာဝန်ရှိသူများသည် ထူးချွန်ဆုရ အရာရှိလောင်းများနှင့် ကုန်သွယ်ရေကြောင်း အရာရှိလောင်းများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

တပ်မတော်နေ့ပြပွဲ ကျောင်းသားကျောင်းသူများကြည့်ရှုလေ့လာ

ရန်ကုန် ဧပြီ ၃

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ ပြပွဲပြခန်းများကို ယနေ့ နံနက်၉နာရီမှ ညနေ၅နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ နဝမနေ့အဖြစ်ဆက်လက်ပြသထားရာ ရဟန်းရှင်လူပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှု လေ့လာကြသည်။

ပြပွဲတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ပြခန်း၌ မေခ-မလိခ မြစ်ဆုံရာဒေသ၊ ကချင်ပြည်နယ် ပူတာအိုခရိုင်၊ နောင်မွန်မြို့နယ် မြန်မာနိုင်ငံ၏အမြင့်ဆုံး ခါကာဘိုရာဇီတောင်ထိပ် ၁၉၃၁၅ပေ၊ မြေအောက်တွင်ရှိနေသော တန်၃၀၀၀ ခန့် ကျောက်စိမ်းနဂါးကြီး၊ ကမ္ဘာ့ဂုဏ်ဆောင် မြန်မာ့ကျောက်စိမ်းအလှကျက်သရေ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ သူ့ကျွန်မခံ နယ်ချဲ့တော်လှန်ခြင်း၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ အကြီးအကဲများ လှည့်လည်စစ်ဆေးမှုမှတ်တမ်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ပြကွက်များကို ဓာတ်ပုံ၊ ပန်းချီရုပ်ပုံကားချပ်၊ ဇယား၊ ပုံစံငယ်များဖြင့် ဝေဝေဆာဆာပြသထားရာ ကျောင်းသား၊ ကျောင်းသူ အများပြည်သူ စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာကြသည်။

ထို့အပြင် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၌လည်း ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲကို နေ့စဉ် မွန်းတည့် ၁၂နာရီတွင် ကျင်းပပေးလျက်ရှိရာ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

အဆိုပါ ပြပွဲကို ဧပြီ ၄ရက် **(ယနေ့)**အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ပြသလျက်ရှိရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှု လေ့လာနိုင်သည်။ **(သတင်းစဉ်)**

ပေါ်ပေါက်လာသည့် ကွန်ပျူတာ သင်တန်းဖြစ်ကြောင်း ၎င်းက မြန်မာ့အလင်းသို့ ပြောကြားသည်။

တစ်နိုင်ငံလုံးအတိုင်းအတာ

အမ်စီစီအနေဖြင့် အိုင်စီတီ နည်းပညာများကို အခြေခံမှ အစ အဆင့်မြင့် အသက်မွေးဝမ်းကျောင်း ပြုနိုင်ရန်အတွက် ရန်ကုန်နှင့် မန္တလေး မြို့များတွင်သာမက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သင်တန်းများ

✡ ရှေ့ဖုံးမှ

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများအား စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော် ကလပ်တော်၊ ကြာပန်းခိုင် တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အဆိုတော်ဒေါ်ရွှေစင်လှိုင်က မင်္ဂလာရတုပိုဒ်စုံဖြင့် သီကျူးပူဇော်သည်။

ဆက်လက်၍ တက်ရောက်လာကြသူများသည် မော်လမြိုင်မြို့ အောင်ဇမ္ဗူဗမ္မရိပ်သာ ဆရာတော် သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍာဝံသ ထံမှ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

လှည့်လည်ပူဇော်

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တာဝန်ရှိသူများသည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်ကြသည်။

တင်လှူပူဇော်

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် ရွှေနတ်တောင်စေတီတော်မြတ်ကြီး၏ နောင်တော်ကြီးစေတီအား ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်များကို ရှေးဦးစွာ တင်လှူပူဇော်ပြီးနောက် ရွှေနတ်တောင်စေတီသို့ တင်လှူပူဇော်မည့် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်ကာ အမွှေးနံ့သာရည်များ ပက်ဖျန်း ပူဇော်၍ စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြသည်။

ရွှေမိုးငွေမိုးရွာသွန်း

တစ်ချိန်တည်းတွင် တာဝန်ရှိသူများက အရံစေတီများ၊ ဂြိုဟ်ခွင်စေတီများကို တစ်ပြိုင်တည်းထီးတော်များ တင်လှူ ပူဇော်ကြပြီးနောက် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးပေးကြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် စေတီသမိုင်းနှင့် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်မှုကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက် ရွှေနတ်တောင်စေတီတော်မြတ်ကြီးအား ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မော်လမြိုင်တပ်နယ် တပ်ရင်း တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို သံလွင်တံတား (မော်လမြိုင်) ချဉ်းကပ်ရထားလမ်း တည်ဆောက်ပြီးစီးမှုကြည့်ရှု မော်လမြိုင်တပ်နယ် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ တက်ရောက်အားပေး

နေပြည်တော်မြို့တော် ဧပြီ ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၃၁ရက် နံနက် ၉နာရီခွဲက သံလွင်တံတား(မော်လမြိုင်) ချဉ်းကပ်ရထားလမ်း တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက သံလွင်တံတား(မော်လမြိုင်) ချဉ်းကပ်ရထားလမ်း တည်ဆောက်ပြီးစီးမှုများနှင့် မော်လမြိုင်-မုတ္တမ သံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဘူတာယာဒ်ဝင်းနှင့် ဘူတာရုံ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် EMC ရထားဖြင့် လုပ်ငန်းခွင်တစ်လျှောက်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူးနှင့် ဝန်ကြီးများနှင့်အတူ မော်တော်ယာဉ်များဖြင့် မုတ္တမဘူတာရပ်နားစခန်းအဝင်လမ်း ကတ္တရာခင်းခြင်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် မော်လမြိုင်တပ်နယ်ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက တပ်နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင်နှင့် ရော်ဘာစိုက်ပျိုးဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် ပျိုးအိတ်များနှင့်စိုက်ခင်းအတွင်းသို့ ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းပင်များကို စိုက်ပျိုးပေးကြပြီး တပ်နယ်မှ အရာရှိစစ်သည်၊ မိသားစုဝင်များ၏ ခြံစည်းရိုးကြက်ဆူပင်များ တပျော်တပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ပျိုးဥယျာဉ်အတွင်း ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်ထားရှိမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူးနှင့် ဝန်ကြီးများနှင့်အတူ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်သို့ရောက်ရှိရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းတင်က အမြစ်ပွားအသုံးပြု၍ ကြက်ဆူမျိုးပွားပုံနည်းစနစ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကိုမှာကြားသည်။

စိုက်ပျိုးပြီး

အရှေ့တောင်တိုင်း စစ်ဌာနချုပ်လက်အောက်ခံတပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် ခြံစည်းရိုးကြက်ဆူ စုစုပေါင်း ပင်ရေ ၄၅ သိန်းကျော် ပျိုးထောင်ပြီးဖြစ်၍ မြေဧရိယာ ၄၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ပျိုးထောင်ပြီး ပျိုးပင်များကို လာမည့်မိုးဦးကျရာသီတွင် မြေချစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့သည် တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ တပ်နယ်တပ်ရင်း တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍အမှာစကား အသီးသီးပြောကြားကြပြီးတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲကျင်းပ သင်ရိုးညွှန်းတမ်းနှင့် မာတိကာများ အဆင့်မြှင့်တင်ရေးဆွေးနွေး

ရန်ကုန် ဧပြီ ၃

ပညာရေးဝန်ကြီးဌာန အခြေခံပညာကဏ္ဍ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများ အဆင့်မြှင့်တင်ရေးဆွေးနွေးပွဲနှင့် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆွေးနွေးပွဲကိုယ်စားလှယ်များဖြစ်ကြသည့် ပညာရေးကောလိပ်ကျောင်းအုပ်ကြီးများ၊ ပြည်နယ်နှင့်တိုင်း ပညာရေးမှူးများ၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဦးစီးဌာနများနှင့် ပြည်နယ်နှင့်တိုင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ အထက်တန်းပြဆရာဆရာမများ၏ ဘာသာရပ်သင်ကြားမှု အရည်အသွေးမြင့်မားရေးအတွက် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာ ဆရာမများ မွမ်းမံသင်တန်းများကို တက္ကသိုလ်၊ ဒီဂရီကောလိပ် ၃၀၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီမြှင့်တင်နိုင်ရေးအတွက် ဆွေးနွေးပွဲကိုယ်စားလှယ်များက ဆက်လက်ဆောင်ရွက်နိုင်မည့် အစီအစဉ်များနှင့် ဆရာ ဆရာမများ၏ အရည်အသွေးမြင့်မားရေး အစီအစဉ်များကို ဆွေးနွေးဆုံးဖြတ်ပေးကြရန်ဖြစ်ကြောင်း အကျယ်တဝင့်မှာကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုလေ့လာ

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဆွေးနွေးပွဲတက်ရောက်ကြမည့် ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အထက်တန်းအဆင့် စာပေဘာသာရပ်အလိုက် နမူနာသင်ခန်းစာပြသထားမှုများကို ကြည့်ရှုလေ့လာသည်။

ထို့နောက် အခြေခံပညာကဏ္ဍ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများ အဆင့်မြှင့်တင်ရေးဆွေးနွေးပွဲနှင့် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ပထမနေ့အစီအစဉ်များကို စတင်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက သင်ရိုးမာတိကာများ အဆင့်မြှင့်တင်ရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးဆိုင်ရာကိစ္စများကို ဆွေးနွေးမှာကြားပြီး ဆွေးနွေးပွဲအစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲနှင့် နှီးနှောဖလှယ်ပွဲကို ယနေ့မှစ၍ ဧပြီ၆ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၄-၄-၂၀၀၆(အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	သာသနာ့အနွယ်ဝင်သီလရှင်
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (ယောက်ဖတို့သကြန်)
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၀၅	အမှတ်(၁)သတ္တုတွင်းလုပ်ငန်း မြေလွှာကိုဖွင့် ပြည်ကိုမြှင့်အံ့ အပိုင်း(၂)
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	မိုးလေဝသခန့်မှန်းချက်
၈း၃၀	ရှေ့သို့ချီလှမ်း မြန်မာ့စက်မှုလုပ်ငန်း(သုံးဘီးဆိုင်ကယ်ထုတ်လုပ်ရေး)
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၀	မြန်မာနိုင်ငံရဲ့စပါးကျီ တိုင်းရောဝတီ
၉း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	Sunday Talk
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၀	သစ်သီးဝလံ သုတေသနပြုဆောင်ရွက်ခြင်း
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	Wedding Planner
၁၁း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅	တေးဂီတအစီအစဉ်
၁၁း၂၅	ပန်းချီဆရာကြီးဦးလွန်းကြွယ် စိန်ရတုအမှတ်တရ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

Champion League ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၁း၀၀	AC Milan-Lyon	5-Sports(Live)
	Villareal-Inter Milan	5-Cartoons(Live)

တိမ် အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

■ **ရှေ့ဖုံးမှ**

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ဘုရားပျိုစံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ နေ့ကလေးထိန်းကျောင်းသို့ ရောက်ရှိလာပြီး ရင်သွေးငယ်ကလေးများ၏ စွမ်းရည်ပြသမှုများကို ကြည့်ရှုအားပေးကြကာ ကလေးငယ်များအား စားစရာမုန့်များနှင့် ကစားစရာအရုပ်များ ဝေငှပေးအပ်ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဦးတင့်ဆွေ-ဒေါ်မြင့်မြင့်ထွေး မိသားစု(ဆုရည်ဖြိုးကုမ္ပဏီ) က နေ့ကလေးထိန်းကျောင်းအတွက် အလှူငွေ ကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။ ထို့နောက် တိုင်းမှူး၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ဒေးပေါက်စံပြကျေးရွာ ... လာပြီး ကိုယ်ဝန်ဆောင်မိခင်များအား အားဆေးနှင့် သံဓာတ်ဆေးပြားများ ဝေငှပေးကြကာ ကျေးလက်ကျန်းမာရေးဌာနခွဲအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

စာအုပ်မျိုးစုံလှူဒါန်း

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ဘုရားပျိုစံပြကျေးရွာ အလင်းရောင်ဦး စာကြည့်တိုက်သို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်မျိုးစုံကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ရောက်ရှိပြီး ဗြဟ္မစိုရ်ခန်းမ၌ မြို့နယ်ပွဲသို့တက်ရောက်ရာ ဆေးရုံ ဆေးပဒေသာပင်အတွက် ဦးတင့်ဆွေ-ဒေါ်မြင့်မြင့်ထွေး မိသားစု(ဆုရည်ဖြိုးကုမ္ပဏီ) က ငွေကျပ်သုံးသိန်း၊ ဦးအောင်စောလေမိသားစုက ငွေကျပ်ငါးသောင်း စုစုပေါင်းငွေကျပ် ၃၅၀၀၀၀ နှင့် ဖြိုးမေတ္တာ ကျန်းမာရေးစောင့်ရှောက်မှုအသင်းအတွက် ဦးတင့်ဆွေ-ဒေါ်မြင့်မြင့်ထွေးတို့က ငွေကျပ်သုံးသိန်း အပါအဝင် အလှူရှင်များက ငွေကျပ် ၃၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခရမ်းမြို့နယ် ပါဠိ

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ဒေးပေါက်စံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ၏ သားဖွားခန်းသို့ သွားရောက်၍ သားဖွားခန်းအတွင်း လှည့်လည်ကြည့်ရှုကြပြီး ကိုယ်ဝန်ဆောင်မိခင်များအား အားဆေးများ ဝေငှပေးကြသည်။

ပျိုးထောင်စိုက်ပျိုး

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာအနီးရှိ ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်နှင့် စိုက်ခင်း၌ မျိုးစေ့နှင့် ပျိုးပင်များ ပျိုးထောင်စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ခရမ်းမြို့နယ် ဘုရားပျိုစံပြကျေးရွာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့ဝင်များသည်ဘုရားပျိုစံပြကျေးရွာ အထက်တန်းကျောင်းသို့သွားရောက်၍ ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများအတွင်း ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူနေမှုကို ကြည့်ရှုအားပေးကြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ဘုရားပျိုစံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားကို ကျေးရွာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ တိုင်းမှူးက နိုင်ငံတော်၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်နှင့်အညီ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများ၌ ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းအမှာစကား ပြောကြားသည်။

ယင်းနောက် ခရမ်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းသန်းက ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်ထံ ပေးအပ်သည်။

ဝတ်စုံများပေးအပ်

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ဘုရားပျိုစံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌ ဒေါ်ခင်စောထံသို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင် ဝတ်စုံများကိုလည်းကောင်း၊ ဘုရားပျိုစံပြကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြည်သင်းထံသို့ အမျိုးသမီးရေးရာအဖွဲ့ဝင် ဝတ်စုံများကို လည်းကောင်း ပေးအပ်သည်။

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်တော်များသည် ဘုရားပျိုစံပြကျေးရွာ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် စံပြကျေးရွာ ကျေးလက် ကျန်းမာရေးဌာနခွဲသို့ ရောက်ရှိ အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ထို့နောက် တိုင်းမှူးက နိုင်ငံတော်အစိုးရက ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ခရမ်းမြို့နယ်အပါအဝင် မြို့နယ်များ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပံ့ပိုးဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကိုလည်းကောင်း၊ ရပ်ကွက် ကျေးရွာအဆင့်မှသည် နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်း၍ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ဆောင်ရွက်ကြရမည့် တာဝန်များနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းအမှာစကား ပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလှူငွေပေးအပ်ပွဲတက်ရောက်

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံ၌ကျင်းပသည့် အလှူငွေပေးအပ်

တက္ကသိုလ် ကိုင်းကုန်းကျောင်းတိုက်သို့ရောက်ရှိလာပြီး ပါဠိတက္ကသိုလ် ကိုင်းကုန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘိတအား ဝင်ရောက်ဖူးမြော်ကြည်ညိုကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်၊ ဆီတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ခရမ်းမြို့နယ် ဒေးပေါက်စံပြကျေးရွာ မူလတန်းကြိုကျောင်းဖွင့်ပွဲအခမ်းအနားသို့ ရောက်ရှိကြရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက မူလတန်းကြိုကျောင်းကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ထို့နောက် ဦးတင့်ဆွေ-ဒေါ်မြင့်မြင့်ထွေး မိသားစု(ဆုရည်ဖြိုးကုမ္ပဏီ) က မူလတန်းကြိုကျောင်းအတွက် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

သကြၤန်တွင်းတရားစခန်း

ရန်ကုန် ဧပြီ ၃

ဒေါပုံမြို့နယ် ဆေးစက် ပုသိမ်မြေ ရပ်ကွက် ပြာသာဒ်ကျောင်း ပရိယတ္တိစာသင်တိုက် မြတ်သီတာသိမ်တော်ကြီးတွင် ပြာသာဒ်ကျောင်း ပဓာနနာယကဆရာတော်၏ သြဝါဒခံယူလျက် ဧပြီ၁၃ရက်မှ ၁၇ရက်ထိ နေ့စဉ် နံနက်၇နာရီမှည၆နာရီခွဲအထိအနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီဓမ္မရသရိပ်သာမှကမ္မဋ္ဌာန်းနည်းပြ (မဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာကြီးဦးသန်းရွှေ(ဒလ-အုံကြီး)၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ တရားဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဖုန်း-၅၅၇၅၅၉ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်သည်။

တရားစခန်းရက်အတွင်း (ဦးမန်းနီး)-ဒေါ်အေးမြတ်သီတာသိမ်ကျောင်း ဒါယကာမိသားစုက နံနက်စာကျွေးမွေး လှူဒါန်းမည်ဟု သိရသည်။ **(က-ပ)**

တာဆန်းရေအားလျှပ်စစ် ဖက်စပ်ကုမ္ပဏီထူထောင်ရေး သဘောတူညီချက်လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲနှင့် မိုင်းတုံမြို့နယ်အကြား သံလွင်မြစ်ပေါ်၌ တည်ဆောက်အကောင်အထည်ဖော်မည့် တာဆန်းရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် တည်ဆောက်ရန်အတွက် တာဆန်းရေအားလျှပ်စစ် ဖက်စပ်ကုမ္ပဏီထူထောင်ရေး သဘောတူညီချက် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် တက်ရောက်၍ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုခွင့်ပြုချက်ကို ပေးအပ်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ-ထိုင်းယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ MDX Group of Companies မှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ Electricity Generation Authority of Thailand Co., Ltd မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ သံမှူး Mr. Prasas Prasasvinitchai နှင့် သံရုံးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တာဆန်းရေအားလျှပ်စစ် ဖက်စပ်ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှု သဘောတူညီချက်ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့် ထိုင်းနိုင်ငံ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုဖြစ်သော MDX Group of Companies ၏ အမှုဆောင်ဒါရိုက်တာ Mr. Roy Jutabha တို့က လက်မှတ်ရေးထိုးကြသည်။ **(အောက်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုခွင့်ပြုချက်ကို ပေးအပ်ရာ အဆိုပါဖက်စပ်ကုမ္ပဏီ၏ အမှုဆောင်ဒါရိုက်တာ Mr. Roy Jutabha က လက်ခံသည်။

ပို့လွှတ်ရောင်းချသွားမည်

တာဆန်းရေအားလျှပ်စစ် ဖက်စပ်ကုမ္ပဏီသည် တာဆန်းတံတား၏ အထက်ဘက် သံလွင်မြစ်ပေါ်၌ တပ်ဆင် စက်အင်အား ၇၁၁၀ မဂ္ဂါဝပ်ရှိ ရေအားလျှပ်စစ်စက်ရုံကို အမေရိကန်ဒေါ်လာသန်းပေါင်း ၆၀၀၀ ခန့် ရင်းနှီးမြှုပ်နှံ တည်ဆောက်မည်ဖြစ်သည်။ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားတစ်စိတ်တစ်ပိုင်းကို မြန်မာနိုင်ငံအတွင်း အခမဲ့ အသုံးပြုခွင့်ရရှိမည်ဖြစ်သည့်အပြင် ကျန်ရှိသော လျှပ်စစ်ဓာတ်အားအများစုကို ထိုင်းနိုင်ငံသို့ ပို့လွှတ်ရောင်းချသွားမည် ဖြစ်သည်။ ထိုသို့ရောင်းချမှုအပေါ် မြန်မာနိုင်ငံမှ အခမဲ့အစုရှယ်ယာနှင့် အခွန်အခများလည်း ရရှိမည်ဖြစ်သည်။

အဆိုပါစီမံကိန်းကို ၂၀၀၄ ခုနှစ် နှစ်ဆန်းမှစတင်၍ အကြိုအင်ဂျင်နီယာ တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိရာ တည်ဆောက်ရေးကာလ ၁၅ နှစ်အတွင်း အပြီးတည်ဆောက်၍ အဆင့်ဆင့်ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ **ကျောဖုံးမှ**

ကျန်ရှိသည့် ၁၂ ပေကိုလည်း ဆက်လက်တူးဖော်နေဆဲဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရှုရပ်အမြင့်ပိုင်းမှနေ၍ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း၏ တည်ဆောက်မှုလုပ်ငန်းများ၊ ဆောင်ရွက်နေသည့် ပင်မတမံပြုလုပ်မည့်နေရာ၊ ရေပိုလွှဲတည်ဆောက်မည့်နေရာနှင့် ရေလွှဲဥမင် အဝင်ပိုင်းနှင့် ရေလွှဲဥမင်အထွက်ပိုင်းနေရာများ၊ ဖြူးချောင်း၏ တည်ရှိမှုအနေအထားတို့ကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးမြင့်သန်းက ပြသရှင်းလင်းသည်။

ကြိုးပမ်းဆောင်ရွက်

ဆက်လက်၍ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးနှင့်အဖွဲ့အား ရေလှောင်တမံစီမံကိန်း၏ ပင်မတမံတည်ဆောက်မည့်လုပ်ငန်းကို တာဝန်ခံများက ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းများသတ်မှတ်ချိန်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



ရတနာ့ဂုဏ်ရည်ကျောင်း သကြၤန်တရားစခန်း

ရန်ကုန် ဧပြီ ၃

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာ တရားတော်များကို အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်၏ နာယက ကမ္မဋ္ဌာနာစရိယချုပ် မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်းနှင့် လက်ထောက်နည်းပြနှစ်ဦးက ဧပြီ ၁၀ ရက် ညနေမှ ၁၈ ရက် နံနက်အထိ ညွှန်ကြားပြသမည်ဖြစ်သည်။

တရားစခန်း ဝင်လိုသူများနှင့် ကုသိုလ်ဒါနပြုလိုသူများသည် ဗဟန်းမြို့နယ် သွေးဆေးကန်တိုက် ရတနာ့ဂုဏ်ရည်ကျောင်းသို့ ကြိုတင်စာရင်းပေးသွင်းရန်နှင့် ဧပြီ ၁၀ ရက် ညနေ ၄ နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

ကျောက်ငါး(Grouper)မျိုးများနှင့် ကကတစ်(Sea bass)ငါးမျိုးများ မျိုးပြန့်ပွားမှု ထိန်းသိမ်းကာကွယ်ရန် ငါးလုပ်ငန်းဦးစီးဌာန အမိန့်ကြော်ငြာစာထုတ်ပြန်

ရန်ကုန် ဧပြီ ၃

ကျောက်ငါး(Grouper)မျိုးများနှင့် ကကတစ်(Sea bass)ငါးမျိုးများ မျိုးပြန့်ပွားမှုထိန်းသိမ်းကာကွယ်ရန် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် ၂၀၀၆ ခုနှစ် မတ် ၂၈ ရက်စွဲဖြင့် အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၀၆)ကို ထုတ်ပြန်ကြေညာသည်။

ယင်းအမိန့်ကြော်ငြာစာအမှတ်(၂/၂၀၀၆)တွင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေပုဒ်မ ၂၃ ပါ လုပ်ပိုင်ခွင့်အားကျင့်သုံး၍ ကျောက်ငါး (Grouper)မျိုးများနှင့် ကကတစ် (Sea bass)ငါးမျိုးတို့အား မျိုးပြန့်ပွားမှုထိန်းသိမ်းကာကွယ်ရန်နှင့် ငါးမျိုးကောင်းမျိုးသန့်များတိုးတက်ပွားများစေရန်ရည်ရွယ်၍ ဥကပ်နေသော သို့မဟုတ် ဥများနှင့်ပြည့်ဝ နေသော ကျောက်ငါးမျိုးများနှင့် ကကတစ်ငါးမျိုးများအား ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး အဆိုပါ ငါးမျိုးများနှင့် ယှဉ်တွဲဖော်ပြထားသည့် မိတ်လိုက်သားပေါက်ပွားသည့်ကာလများတွင် သဘာဝရေပြင်များမှ ဖမ်းယူခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အခြားနည်းတစ်စုံတစ်ရာနှောင့်ယှက်ခြင်းတို့ကို မပြုလုပ်ကြရန် တားမြစ်လိုက်သည်။

စဉ်	ဒေသအခေါ်	သိပ္ပံအမည်	ပိတ်ပင်သည့်ကာလ
၁။	ကျောက်ငါး(Grouper)	Epinephelus spp. Cromileptes spp. Cephalopholis spp.	နှစ်စဉ် ဇူလိုင်လ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ
၂။	ကကတစ်(Sea bass)	Lates calcarifer	နှစ်စဉ် ဇန်နဝါရီလ ၁ ရက်မှ မတ်လ ၃၁ ရက်အထိ

ဟူ၍ဖော်ပြထားသည်။ **(သတင်းစဉ်)**

အလက(၉)အင်းစိန် ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲအခမ်းအနား ကျင်းပမည်

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း ရပ်ကွက် ထန်းပင်ကုန်းရှိ အမှတ်(၉) အခြေခံပညာအလယ်တန်းကျောင်း(အင်းစိန်) (ယခင်စိန်ဂျော့ချ်) ကျောင်းသားကျောင်းသူဟောင်းများ (၁၉၆၅ ခုနှစ် မှ ၂၀၀၅ ခုနှစ်အထိ)၏ ပထမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ဧပြီ ၈ ရက် နံနက် ၉ နာရီခွဲတွင် အမှတ်(၉) အခြေခံပညာအလယ်တန်းကျောင်း(အင်းစိန်)၌ ကျင်းပမည်ဖြစ်သည်။ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် မြတ်ဆရာပူဇော်ပွဲအတွက် စုပေါင်းဒါန ထည့်ဝင်ငွေများကို အလက(၉) အင်းစိန် ဖုန်း-၆၄၀၁၆၉၊ ဦးမြတ်သူရ ဖုန်း-၀၉၅၁၂၃၀၅၅၊ ဒေါ်ညွှန့်ညွှန့်စိန် ဖုန်း-၆၆၆၈၆၅၊ ဦးခင်ချို ဖုန်း-၀၉၅၁၃၃၁၀ နှင့် မင်းသူရ ဖုန်း-၀၉၅၁၃၆၂၈၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကြက်ငှက် တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုများ

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှ လူသို့ကူးစက်နိုင်သော ရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ၁၅နိုင်ငံနှင့်ကမ္ဘာ့အခြားဒေသနိုင်ငံ ၃၃နိုင်ငံ စုစုပေါင်း၄၈နိုင်ငံတွင် ပျံ့နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ခုနှစ် မတ်လကုန်အထိ လူပေါင်း၁၈၆ဦး၌ ကူးစက်ဖြစ်ပွားမှုကြောင့် လူ၁၀၅ဦးအသက်ဆုံးရှုံးစေခဲ့သည်။

၂။ မြန်မာနိုင်ငံ၏အခြေအနေ

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း အချို့မြို့နယ်များ၌ ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုအချို့ ဖြစ်ပွားခဲ့ပါသည်။ ၂၀၀၆ခုနှစ် မတ်လ ပထမပတ်အတွင်း သံသယဖြစ် ကြက်ခြံများမှ ကြက်များ၏ရောဂါနမူနာပစ္စည်းများ ရယူ၍ ဓာတ်ခွဲခန်းစမ်းသပ်စစ်ဆေးမှုအရ အဆင့်ဆင့်စစ်ဆေးမှုပြုလုပ်ခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါပိုး H_5N_1 ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။ မတ်လကုန်အထိ မွေးမြူရေးခြံ ၅၆ ခြံမှ ရောဂါနမူနာပေါင်း၄၆၀ ခုကိုစစ်ဆေးခဲ့ရာ ရောဂါနမူနာ ၃၀ခု၌ ကြက်ငှက်တုပ်ကွေးရောဂါ H_5N_1 ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၃။ လက်ရှိဆောင်ရွက်နေမှု

မြန်မာနိုင်ငံအလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်းအတွင်း ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ ရေဦး၊ မုံရွာမြို့နယ်များနှင့် မန္တလေးတိုင်းအတွင်း ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံ၊ အမရပူရနှင့် စဉ့်ကိုင်မြို့နယ်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါကျရောက်ဖြစ်ပွားမှုရှိခဲ့ရာ ရောဂါဖြစ် ကြက်ခြံများကို သုတ်သင်ဖျက်ဆီးမြှုပ်နှံခြင်းနှင့် ၎င်းကြက်ခြံမှ ၁ကီလိုမီတာပတ်လည်ရှိ ကြက်ခြံများကို ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှု အန္တရာယ်ကာကွယ်ရေး (Risk Prevention) အရ သုတ်သင်ဖျက်ဆီးခဲ့ရာတွင် ၂၀၀၆ခုနှစ် ဧပြီ၂ရက် အထိ ကြက်ခြံ ၃၀၇ခြံ၊ ငုံးခြံ ၁၀၂ခြံမှ ကြက်ကောင်ရေ ၂ဒသမ၄သိန်း၊ ငုံးကောင်ရေ ၂ဒသမ၃သိန်း၊ ကြက်ဥ ဝဒသမ ၉သိန်း၊ ငုံးဥ ဝ ဒသမ ၆သိန်းကို သုတ်သင်ဖျက်ဆီးမြှုပ်နှံခြင်း၊ ကြက်ခြံများကို ပိုးသတ်ဆေးဖျန်းခြင်း ပြုလုပ်ခဲ့ပါသည်။ အဆိုပါ မြို့နယ်များအတွင်း တားမြစ်ဇရိယာ၊ ထိန်းချုပ်ဇရိယာ သတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲဈေးများ ယာယီပိတ်ခြင်းနှင့် ကြက်၊ဘဲ၊ငုံးမွေးမြူရေးခြံများရှိ ကြက်၊ဘဲ၊ငုံးများကို ရောဂါစူးစမ်းရှာဖွေစစ်ဆေးခြင်းများစသည်တို့ကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှုဆိုင်ရာများကိုလည်း အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်းလျက် စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ အဆိုပါမြို့နယ်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့မှုအန္တရာယ်ကို စတင်ထိန်းချုပ်လာနိုင်ပြီဖြစ်ပါသည်။

၄။ ကြက်များတွင်ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ

- (က) ကြက်ငှက်များရုတ်တရက်သေဆုံးမှု များလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
- (ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
- (ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့် နှာရည်ကျခြင်း။
- (ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
- (င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
- (စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက်အပြောက်များပေါ်လာခြင်း။
- (ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ်သေဆုံးနိုင်ခြင်း။

၅။ ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်

- (က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင်ကြားသိခြင်း နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း သို့မဟုတ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်း အကြောင်းကြားရန်။
- (ခ) ကြက်သေဆုံးမှုဖြစ်ပွားပါက ဖြန့်ဖြူးရောင်းချစားသုံးခြင်း(လုံးဝ)မပြုလုပ်ရန်။
- (ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှုမရှိအောင်ထားရန်။
- (ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များတင်သွင်းမွေးမြူမှု မပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက်အတူထားရှိမွေးမြူမှုမပြုရန်။
- (င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးငယ်များအား ဝင်ရောက်မှုမပြုစေရန်။
- (စ) မည်သူမဆို ကြက်ခြံအတွင်း ဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင် ဝင်ရောက်ရန်။
- (ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
- (ဇ) ကြက်ခြံလုပ်သားများ ကြက်၊ဘဲဈေးဒိုင်များသို့ သွားရောက်မှု မပြုရန်နှင့် သွားမိပါက အဝတ်အစားနှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံအတွင်းဝင်ရောက်ရန်။

၆။ လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုမရှိရေး လိုက်နာဆောင်ရွက်ရန်

- (က) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး၊ အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲအသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ်စားသောက်ရန်။
- (ခ) ကြက်၊ဘဲ၊ ငုံးနှင့် ထိတွေ့ကိုင်တွယ်သူများ လက်ကိုဆပ်ပြာနှင့် စင်ကြယ်စွာဆေးကြောရန်။

၇။ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင်ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်းကူညီလိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ဆူးလေစေတီတော် ဘက်စုံမွမ်းမံ ပြန်လည်တည်ဆောက်ရေး စီမံကိန်း ထီးတော်ကြီးနှင့်ကိုယ်လုံးတော်ကြီးအား ရွှေစင် ရွှေပြား၊ မျက်ပါးရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ရေးနှင့် အရံစေတီတော်များ ပြုပြင်မွမ်းမံရေး၊ မျက်ပါးရွှေသင်္ကန်း ကပ်လှူရေးအတွက် အမှတ်၃၆/အေ ရွှေတောင်ကြားလမ်း ဗဟန်း ရန်ကုန်မြို့ ပါမောက္ခဒေါက်တာဝင်းဆွေ၊ ဇနီး ဒေါ်ချိုချို၊ သမီး သီရိချိုဆွေ မိသားစုက ရွှေစင်ရွှေသား ကိုးလက်မပတ်လည် တစ်ကျပ်သားတစ်ချပ် အလှူငွေကျပ်နှစ်သိန်းငါးသောင်းကို ဂေါပကအဖွဲ့ဝင် ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပုလဲမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း သင်တန်းဆင်း
တိုင်းမှူး ဗိုလ်ချုပ်သာအေး တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်ခဲ့သော ပုလဲမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၃၁ ရက် နံနက် ၉ နာရီခွဲက သင်တန်းကျောင်းခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ဇနီး ဒေါ်ဝေဝေခိုင်၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူးက သင်တန်းဆင်း အမှာစကား ပြောကြားသည်။ ထို့နောက် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ ဇနီး ဒေါ်ဝေဝေခိုင်က သင်တန်းထူးချွန်ဆုရ သင်းတန်းသူသုံးဦးအား ဆုချီးမြှင့်သည်။ ဆက်လက်၍ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်း လက်မှတ်များပေးအပ်ပြီး ဝန်ကြီးဌာနက တစ်နှစ်ဆိုင်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးသောအပ်ချုပ်စက်များကိုသင်တန်းသူများသို့လွှဲပြောင်းပေးအပ်သည်။

ကြည့်ရှုအားပေး

ယင်းနောက် သင်တန်းသူများကိုယ်စား ရွှေညိုရပ်ကွက်မှ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက်တိုင်းမှူးနှင့် ဧည့်သည်တော်များသည် သင်တန်းသူများ၏ လက်ရာ အဝတ်အထည်နှင့် လက်မှုပစ္စည်းများကို ကြည့်ရှုအားပေးသည်။

ရောင်းချပေးခဲ့

အဆိုပါသင်တန်းသို့ ပုလဲမြို့ပေါ်မှ သင်တန်းသူ ၂၀ နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၃၀ စုစုပေါင်း သင်တန်းသူ ၅၀ တက်ရောက်ခဲ့ပြီး ရက်သတ္တ ၁၄ ပတ်ကြာ သင်ကြားပေးခဲ့သည်။ သင်တန်းဆင်း သင်တန်းသူများ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ရန် ဝန်ကြီးဌာနက အပ်ချုပ်စက်များကို သက်သာသောဈေးနှုန်းဖြင့် တစ်နှစ်ဆိုင်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

၂၀၀၆–ခုနှစ်၊ ဧပြီလ (၇) ရက်

ကမ္ဘာ့ကျန်းမာရေးနေ့
WORLD HEALTH DAY

ကျန်းမာစွမ်းအား ဖွံ့ဖြိုးဖို့ လက်တွဲပါဝင်ဆောင်ရွက်စို့

WORKING TOGETHER FOR HEALTH

ကျန်းမာရေးဝန်ကြီးဌာန

အောင်ဆန်းမိုးကုတ်ရိပ်သာ တရားစခန်းဖွင့်လှစ်

ရန်ကုန် ဧပြီ ၃

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ(၇၇)၌ (၁၀၆)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းဖွင့်ပွဲကို ဧပြီ၁ရက်ကကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ရှာမပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာန နာယက ဘဒ္ဒန္တ နန္ဒဝံသ ဆရာတော်ကြီးက သြဝါဒကထာ မြွက်ကြားဖွင့်လှစ်ပေးပြီး ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းမိုးကုတ်ရိပ်သာ ပဓာန နာယက မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ အရှင်သူမြတ်က ပဋိစ္စသမုပ္ပာဒ် သစ္စာတရားတော်များ ဟောကြားပြသတော်မူရာ ယောဂီ ၁၂၀၀ ကျော် တရားစခန်းဝင်ရောက် အားထုတ်လျက်ရှိကြကြောင်း သိရသည်။ **(က–ပ)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်း စစ်တောင်း(ဆတ်သွားကုန်း) မြစ်ကျိုး–ဒိုက်ဦး ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းက စစ်တောင်းတူးမြောင်းဖြတ်တံတားတည်ဆောက်မည့်နေရာအား ကြည့်ရှုစစ်ဆေးစဉ်။ (မြန်မာ့မီးရထား)

စစ်တောင်း(ဆတ်သွားကုန်း) မြစ်ကျိုး–ဒိုက်ဦး ရထားလမ်းဖောက်လုပ်မှု
ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းစစ်ဆေး၊ လုပ်ငန်းအမြန်ပြီးစီးရေးမှာကြား

ရန်ကုန် ဧပြီ ၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ ဧပြီ ၁ ရက် နံနက်ပိုင်းက ပဲခူး–မုတ္တမ ရထားလမ်း မိုင်တိုင် ၇၃ အနီးရှိ စစ်တောင်း(ဆတ်သွားကုန်း)မြစ်ကျိုး–ဒိုက်ဦး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းမှ ဆတ်သွားကုန်းဘူတာ ယာဒ်ဝင်း တည်ဆောက်မည့်နေရာသို့ရောက်ရှိရာ စီမံကိန်းအင်ဂျင်နီယာ ဦးမျိုးဇော်တူးက ရထားလမ်းဖောက်လုပ်ခြင်းအတွက် မြေသားလုပ်ငန်းပြီးစီးမှု၊ တံတားများတည်ဆောက်ရေးအတွက် တိုင်းတာခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆတ်သွားကုန်းဘူတာယာဒ်ဝင်း တည်ဆောက်ခြင်းအတွက် မြေသားလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ပုံစံကားချပ်ဖြင့်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းအမြန်ပြီးစီးရေးအတွက် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စစ်တောင်း(ဆတ်သွားကုန်း) မြစ်ကျိုး–ဒိုက်ဦး ရထားလမ်းဖောက်လုပ်ခြင်းအတွက် မြေသားလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ အရှည် ပေ ၂၃၀ နဂါးပေါက်ချောင်းတံတားတည်ဆောက်မည့်နေရာသို့ လည်းကောင်း၊ အရှည်ပေ၂၅၀ စစ်တောင်းတူးမြောင်းဖြတ် တံတားတည်ဆောက်မည့် နေရာသို့လည်းကောင်း ရောက်ရှိစစ်ဆေးပြီး လိုအပ်သည်များမှာကြားဖြည့်ဆည်းပေးသည်။

တက်ရောက်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ဝေါမြို့နယ် ပြည်သူ့ခန်းမသို့ရောက်ရှိပြီး ဝေါမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဖွင့်လှစ်သော အမှုဆောင်များ စီမံခန့်ခွဲရေး(ဆင့်ပွား)သင်တန်း အမှတ်စဉ်(၁၁)နှင့် နွေရာသီသင်တန်းများဖွင့်ပွဲသို့ တက်ရောက်သည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြား၍ မြို့နယ်အသင်း အတွင်းရေးမှူးဦးချိုဦးက သင်တန်းများဖွင့်လှစ်ရခြင်း အကြောင်းကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းများဖွင့်လှစ်

ပဲခူးတိုင်း(အရှေ့) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်ရှိ မြို့နယ်များအလိုက် အမှုဆောင်များ စီမံခန့်ခွဲရေး(ဆင့်ပွား) သင်တန်း၊ ဂီတသုခုမသင်တန်း၊ အမျိုးသား ယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း၊ တိုင်းရင်းဆေးပညာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်း၊ ကွန်ပျူတာ အခြေခံသင်တန်းနှင့် အားကစားသင်တန်းစသည့် နွေရာသီသင်တန်းများ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ယဉ်ကျေးမှုသကြင်္ကန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သကြင်္ကန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည် ဂက်စ်ဘူးဖြင့် ကစားက

၁။	လက်ဝယ်တွေ့သူ	–	ထောင်(၁)နှစ်
၂။	ကစားသူ	–	ထောင်(၃)နှစ်
၃။	ထုတ်လုပ်ရောင်းချသူ	–	ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြင်္ကန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီး ပြုမူပြောဆို ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသကြင်္ကန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။



မြောက်ဥက္ကလာပ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေး သင်တန်း အမှတ်စဉ် (၂၄) သင်တန်း ဆင်းပွဲနှင့် အခြေခံမီးသတ်သင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို မြို့နယ်အသင်းရုံး ပြည်ခိုင်ဖြိုးခန်းမတွင် မတ် ၂၈ရက်က ကျင်းပရာ မြို့နယ် အသင်း အတွင်းရေးမှူး ဦးကျော်ကျော်စိုး အမှာစကား ပြောကြားစဉ်။ (၃၂၂)

Grand Royal Special Reserve Golf C'Ship 2006 ဗိုလ်လုပွဲကျင်းပမည်

ရန်ကုန် မေ ၃

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co.,Ltd. က အဓိက ကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ် စပယ်ရှယ်ရီဆာ့ဗ် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ (Grand Royal Special Reserve Golf Championship 2006) ၏ ဗိုလ်လုပွဲကို မေ ၇ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆုများချီးမြှင့်

အဆိုပါပြိုင်ပွဲများ၏ နောက်ဆုံးဗိုလ်လုပွဲသို့ ပြီးခဲ့သည့် ပြိုင်ပွဲများကျင်းပခဲ့သော မန္တလေးမြို့၊ မြစ်ကြီးနားမြို့၊ လားရှိုးမြို့နှင့် ရန်ကုန်မြို့ပြိုင်ပွဲတို့မှ အနိုင်ရရှိခဲ့သော အပျော်တမ်းဂေါက်သီးရိုက်အားကစားသမားလေးဦးစီတို့အား ရွေးထုတ်စနစ်ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲ၏ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် Myanmar PGA နှင့် ပူးပေါင်းပြီး PRO-AM ပြိုင်ပွဲကို မေ ၉ ရက် နံနက်ပိုင်းတွင် ယင်းဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

တာဝန်ယူဆောင်ရွက်

ပြိုင်ပွဲ၏ Main Sponsor မှာ IBTC ဖြစ်ပြီး Co-Sponsors များအဖြစ် Air Mandalay၊ Grand Plaza Parkroyal Hotel၊ Srixon၊ Crusher Club Soda တို့က အသီးသီးကူညီကြမည်ဖြစ်ကာ ပန်းလှိုင်နောက်ဆုံးဗိုလ်လုပွဲ Final Round ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးညှင်းမြို့နယ် ရွှေမဥ္ဇူဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ အင်းတော်ကြီးအတွင်း ဘုရားဖူးများဖြင့်စည်ကား

မိုးညှင်း မေ ၁

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီး ရွှေမဥ္ဇူဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလပြည့်နေ့အထိ ပဋ္ဌာန်းအသံမစဲရွတ်ဆိုပူဇော်ပွဲ၊ ရွှေမဥ္ဇူဘုရား ဆွမ်း၊ ပန်းရေချမ်း၊ ဆီမီးထွန်းလင်း ပူဇော်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲများနှင့် အားကစားပျော်ပွဲရွှင်ပွဲ ဇာတ်ပွဲများဖြင့် ကျင်းပခဲ့ကြရာ အနယ်နယ်မှ ဘုရားဖူးပွဲတော်လာကြသူများ အထူးပင် စည်ကားသိုက်မြိုက်လျက် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

အင်းတော်ကြီးကန်ကမ်းခြေမှ ဆည်းဆာချိန်ခါ၌ သပ္ပာယ်စွာဖူးတွေ့ရသော ရွှေမဥ္ဇူစေတီတော်။

(ဓာတ်ပုံ-မျိုးအောင်)

အင်းတော်ကြီးကန်တွင် ကမ်းခြေသဘာဝသယံဇာတအပင်များ၊ ရေပျော်ငှက်များဖြင့် သာယာရှုမောဖွယ်မြင်ကွင်းနှင့်အတူ ကြည်လင်အေးမြသော ကန်အလယ်ရွှေမဥ္ဇူစေတီတော်မြတ်ကို ဖူးတွေ့ကြည်ညိုကြရသည်။ အင်းတော်ကြီးကန်သည် မြန်မာနိုင်ငံတွင် အကြီးဆုံးရေကန်ကြီးဖြစ်သကဲ့သို့ အရှေ့တောင်အာရှတွင်လည်း အကြီးဆုံးကုန်းတွင်းရေနေကန်တစ်ခုအဖြစ် တည်ရှိကြောင်း သိရသည်။ (သတင်းမှတ်စုနှင့် ဓာတ်ပုံ-မျိုးအောင်)

အင်းတော်ကြီးကန်အလယ် စက်လှေများဖြင့် ဘုရားဖူးသွားလာကြသူများနှင့် ရေပျော်စင်ရော်ငှက်ငယ်များ။

(ဓာတ်ပုံ-မျိုးအောင်)

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၃

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အမှုဆောင်များနှင့် အသင်းဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီက ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသူတော်က အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)** ထို့နောက် အသင်းအတွင်းရေးမှူး ဦးကျော်ဝင်းက အသင်း၏ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာသည့် အသင်းဝင်ရွှေဆိုင်ရှင်များ၊ ရွှေလုပ်ငန်းရှင်များက ဆွေးနွေးအကြံပြုတင်ပြကြသည်။ ထို့နောက် အသင်းဥက္ကဋ္ဌ ဦးသူတော်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(က-ပ)**

အဆင့်မြင့်တန်းဘောလုံးပြိုင်ပွဲ ပို့ဆောင်ရေးအသင်း အကြိုဗိုလ်လုပွဲတက်ရောက်

ရန်ကုန် မေ ၃

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅-၂၀၀၆ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်ကို ယနေ့ ညနေ ၃နာရီ ၄၅မိနစ်က အောင်ဆန်းအားကစားပြိုင်ကွင်း၌ စတင်ကျင်းပရာ ပို့ဆောင်ရေးအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဦးဆောင်ဂိုး

ကွာတားဖိုင်နယ်ပွဲစဉ်ဖြစ်သည်နှင့်အညီ နှစ်သင်းစလုံး အနိုင်ရရှိရေးအတွက် ခြေကုန်ထုတ်ကစားခဲ့ကြသည်။ ပွဲစပြီး ခုနစ်မိနစ်အကြာတွင် ပို့ဆောင်ရေးအသင်းအတွက် ညီညီအောင်က ဦးဆောင်ဂိုးသွင်းယူလိုက်သဖြင့် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းနောက်မှ လိုက်ကစားခဲ့ရသည်။ ပို့ဆောင်ရေးအသင်း အချိတ်အဆက်မိမိဖြင့် ကစားကွက်ဖော်နိုင်ခဲ့ရာ တန်ပြန်တိုက်စစ်ဖြင့် ဒုတိယဂိုး ထပ်မံရရှိခဲ့သည်။ ၃၃မိနစ်တွင် ပြည့်ဖြိုးဦးကန်တင်ပေးသည့် ဘောလုံးကို ထက်အောင်ဆွဲယူသွားပြီး ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

ပထမပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းအတွက် ဌေးအောင်က ခေါင်းတိုက်ဂိုး တစ်ဂိုး သွင်းယူသော်လည်း ကွင်းလယ် ဒိုင်လူကြီးက လက်ထိသည်ဟုဆိုကာ ဂိုးမပေး၍ ချေပဂိုးတစ်ဂိုး နစ်နာခဲ့ရသည်။ ဒုတိယပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ချေပဂိုး ရရှိရေးအတွက် တိုက်စစ်ဖွင့်ကစားရာ ဂိုးသွင်းခွင့်များ ရရှိသော်လည်း ဂိုးကံခေခဲ့ရသည်။ ဒုတိယပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ လှထွန်းအောင် နှစ်ဝါအနီကတ်ဖြင့် ထုတ်ပယ်ခြင်းခံရသဖြင့် ၁၀ ဦးတည်းဖြင့် ကစားရပြီး အားနည်းခဲ့ရသည်။

ပို့ဆောင်ရေးအသင်းအတွက် တတိယဂိုးကို ၈၃ မိနစ်တွင် တန်ပြန်တိုက်စစ်မှ တစ်ဆင့် ညီညီအောင် ကန့်လန့်ဖြတ်ချိုးပေးသည့် ဘောလုံးကို ပြည့်ဖြိုးဦးက ဂိုးသမားကို လိမ်ခေါက်ပြီး ကန်သွင်းယူ၍ ရရှိခဲ့ခြင်းဖြစ်သည်။ ပို့ဆောင်ရေးအသင်းသည် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်ရာ စီးပွား/ကူးသန်း အသင်းနှင့် စွမ်းအင်အသင်းတို့၏ ပွဲစဉ်မှ အနိုင်ရရှိသည့် အသင်းနှင့် မေ ၇ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

မေ ၄ရက်**(ယနေ့)** ညနေ ၃နာရီ ၄၅မိနစ်တွင် ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် စီးပွား/ကူးသန်းအသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**



မော်လမြိုင်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မေ ၂ ရက်က ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပရာ ဦးဆောင်နာယက ဗိုလ်မှူးကြီးစိန်ရ(ငြိမ်း)က ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ငါးဘာသာဂုဏ်ထူးရှင် မဖြူသစ်ကြည်အား ပညာရည်ချွန်ဆုချီးမြှင့်စဉ်။ (က-ပ)

လက်မှတ်ချီးမြှင့်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မူလတန်းဆင့်ပညာသင်ယူ ပြီးမြောက်ခြင်းလက်မှတ်ချီးမြှင့်ပွဲကို မေ ၁ ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးထွန်းပွားက မပိုပိုယုလွင်အား သင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်စဉ်။(က-ပ)

ကမ္ဘာတစ်လွှား အားကစား

မစ်ဒယ်ဘာရော့က မန်စီးတီးကွင်း၌နိုင် ဝက်စ်ဟမ်းနှင့်ချာလ်တန် ဂိုးမရှိသရေကျ

လန်ဒန် ဧပြီ ၃

ပရီမီယာရှစ်ဘောလုံးပွဲစဉ်(၃၂) လက်ကျန်ပွဲစဉ်များကို ဧပြီ၂ရက် ညပိုင်းက ဆက်လက်ကစားရာ မစ်ဒယ်ဘာရော့အသင်းက မန်စီးတီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး ဝက်စ်ဟမ်းနှင့် ချာလ်တန်အသင်းတို့ ဂိုးမရှိ သရေကျသွားခဲ့သည်။

ခေါင်းတိုက်ဂိုး

မန်စီးတီးအသင်းနှင့် မစ်ဒယ်ဘာရော့အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် လီကက်တာမိုးက မစ်ဒယ်ဘာရော့အသင်းအတွက် ပထမဆုံးသော ပရီမီယာရှစ်ဂိုးကို သွင်းပေးခဲ့သည်။ အဆိုပါ ကွင်းလယ်ကစားသမားသည် ပွဲချိန် ၁၂ မိနစ်တွင် ဒေါင်းနင်းဖြတ်တင်ပေးလိုက်သော ဘောလုံးမှတစ်ဆင့် ခေါင်းတိုက်ဂိုးသွင်းယူလိုက်ခြင်း ဖြစ်သည်။

ထိုးဖောက်ကစား

ဒုတိယပိုင်းတွင် မစ်ဒယ်ဘာရော့မှ ယာကူဘူ၊ ကက်တာမိုးနှင့် ဂျိမ်းစ်မော်ရစ်ဆွန်တို့ အတွဲသည် အချက်ကျကျ အကွက်ဆင် ထိုးဖောက်ကစားသွားခဲ့သည်။

မန်စီးတီးဂိုးသမား ဒေးဗစ်ဂျိမ်းစ်လေးဂိုးခန့် ကာကွယ်ပေးနိုင်ခဲ့သည်။ မစ်ဒယ်ဘာရော့တို့ အနိုင်ဂိုးတစ်ဂိုးသာ သွင်းနိုင်ခဲ့သည်။

ရင်ဆိုင်ရ

ယင်းပွဲအနိုင်ရလိုက်သည့် မစ်ဒယ်ဘာရော့တို့ ယူအီးအက်ဖ်အေ ကွာတားဖိုင်နယ်တွင် ဘေဆယ်ကိုရှုံးခဲ့မှုအပေါ် စိတ်သက်သာရာရသွားစေသည်။ ထို့အတူ မန်စီးတီးအသင်းသည် ပရီမီယာရှစ်တွင် မစ်ဒယ်ဘာရော့ကို ပထမဆုံးအရှုံးနှင့် ရင်ဆိုင်လိုက်ရသည်။

အနာဂတ်ပြဿနာ

သို့ရာတွင် မစ်ဒယ်ဘာရော့အသင်းမှ ဖရန်ကွီဒရူးပွဲစပြီး ကိုးမိနစ်အကြာ မန်စီးတီးတိုက်စစ်မှူး ဗက်ဆဲလ်နှင့် ထိခိုက်မိမှုကြောင့် ခြေထောက်ဒဏ်ရာ ရရှိသွားရာ အနာဂတ် ပြဿနာများ ဖြစ်လာနိုင်သည်။

ထိုနေ့က ဝက်စ်ဟမ်းအသင်းနှင့် ချာလ်တန်အသင်းတို့လည်း အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဂိုးမရဘဲဖြစ်

ဝက်စ်ဟမ်း တိုက်စစ်မှူး ရာရင်ဂမ်က သူ၏ အသက် ၄၀မြောက် မွေးနေ့အဖြစ် သွင်းယူသော ဂိုးမှာ ချာလ်တန်ဂိုးသမား ကာကွယ်လိုက်နိုင်၍ ဂိုးမရဘဲဖြစ်ခဲ့ရသည်။

စိတ်ပျက်

ဝက်စ်ဟမ်းမှ ဘော်ဘီဇာမိုရာ ခေါင်းတိုက်ဂိုးသွင်းယူသောဂိုးမှာလည်း ဂိုးမဝင်သဖြင့် အတော်စိတ်ပျက်သွားပုံရသည်။

ချာလ်တန်က နှစ်ဖက်စလုံး တစ်မှတ်စီ ခွဲဝေနိုင်ရန်သာ ကစားပြနိုင်ခဲ့သည်။ ဝက်စ်ဟမ်းတို့ စောစောပိုင်းက ဂိုးသွင်းခွင့်တစ်ကြိမ်ရခဲ့သည်မှာလည်း အလဟဿဖြစ်သွားခဲ့ရသည်။

(အင်တာနက်)

ထိုးဖောက်ယှဉ်ပြိုင်

ဝက်စ်ဟမ်းနှင့် ချာလ်တန်ပွဲတွင် ချာလ်တန်မှ မတ်ဟော်လန်၏ ထိုးဖောက်ယှဉ်ပြိုင်မှုကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံ-အင်တာနက်)



ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များ ယနေ့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည်

စုစည်းတင်ပြသူ မြင့်မောင်စိုး

လန်ဒန် ဧပြီ ၃

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များကို ဧပြီ ၄ ရက် (ယနေ့) **ညပိုင်းတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။**

အနိုင်ရရှိထား

အာဆင်နယ်နှင့် ဂျူဗင်းတပ်စ်အသင်းတို့သည် မတ်၂၈ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်က အိမ်ကွင်း၌ ဂျူဗင်းတပ်စ်အသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။

သံသယဖြစ်

ဒုတိယအကျော့အဖြစ် အာဆင်နယ်က ဧပြီ၅ရက် ညပိုင်းတွင် ဂျူဗင်းတပ်စ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။ သို့ရာတွင် အာဆင်နယ်အသင်းသည် ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်နှင့် နောက်တန်းလူ အီမာနုရယ်အီဘောတို့ ဒဏ်ရာရထားသဖြင့် ပြန်လည်ကစားနိုင်ခြင်း ရှိမရှိအပေါ် သံသယဖြစ်နေကြသည်။ အာဆင်နယ်တို့ လူစုံတက်စုံမပါလျှင် အခြေအနေတစ်မျိုး ဖြစ်လာနိုင်သည်။

သေချာ

အာဆင်နယ်အသင်း ဂျူဗင်းတပ်စ်ကွင်းတွင် လက်ရှိအနေအထားအတိုင်း ဆက်လက်ကစားသွားမည်ဆိုလျှင် အကြိုဗိုလ်လုပွဲ တက်သွားနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ အာဆင်နယ်တို့ တစ်ဂိုးမျှ ပြန်သွင်းနိုင်ခဲ့လျှင်ပင် အကြိုဗိုလ်လုပွဲနေရာမှာ သေချာသလောက်ဖြစ်လာနိုင်သည်။



ချန်ပီယံလိဂ်ပထမအကျော့တွင် အာဆင်နယ်အသင်းနှင့် ဂျူဗင်းတပ်စ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ၌ အာဆင်နယ်မှ ဖိလစ်ဆန်ဒရို့စ်(ဝဲ)နှင့် ဂျူဗင်းတပ်စ်မှ ဇလတ်တန်အီဘရာဟီမိုဗစ်တို့ ဤသို့ အကြိတ်အနယ် ဘောလုံးယှဉ်လုခဲ့ကြသည်။

(ဓာတ်ပုံ-အင်တာနက်)

မျှော်လင့်

အလားတူ ဘာစီလိုနာအသင်းနှင့် ဘင်ဖီကာအသင်းတို့သည် ဘာစီလိုနာအိမ်ကွင်း၌ ဧပြီ ၅ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းနှစ်သင်းသည် ပထမအကျော့တွင် ဂိုးမရှိ သရေကျထားသည်။ ပထမအကျော့တွင် ဘင်ဖီကာအသင်း ဂိုးသမား၏ အစွမ်းပြ ကာကွယ်နိုင်မှုကြောင့် အရှုံးမပေးလိုက်ရခြင်းဖြစ်သည်။ သို့ရာတွင် ဘာစီလိုနာအသင်းက ဒုတိယအကျော့တွင် အနိုင်ကစားလိမ့်မည်ဟု မျှော်လင့်ရသည်။

အလားတူ ဧပြီ ၄ ရက် ညပိုင်းတွင် အေစီမီလန်အသင်းနှင့် လီယွန်အသင်းတို့ ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။ ယင်းတို့နှစ်သင်းသည်လည်း ပထမအကျော့တွင် ဂိုးမရှိသရေကျထားသည့်အသင်းများ ဖြစ်သည်။

အရှုံးပေးလိမ့်မည်မဟုတ်

အေစီမီလန်က ယမန်နှစ်ချန်ပီယံလိဂ် ဒုတိယဆု ဆွတ်ခူးနိုင်သည့် ဂုဏ်ကို ဆက်ထိန်းကာ လီယွန်ကို အနိုင်ကစားဖွယ် ရှိသည်။ သို့ရာတွင် လီယွန်၏ ချန်ပီယံဆုရရှိရေး စိတ်ဓာတ်ကလည်း အေစီမီလန်ကို အရှုံးပေးလိမ့်မည်မဟုတ်ပေ။

အိမ်ရှင်အဖြစ်ကစားရမည်

ယင်းနေ့ ဧပြီ ၄ ရက်ညပိုင်းတွင် ဗီလာရီးရဲအသင်းနှင့် အင်တာမီလန်အသင်းတို့လည်း အကြိတ်အနယ် နွှဲမည့် ပွဲကြီးပွဲကောင်း တစ်ရပ်ဖြစ်သည်။ ယင်းတို့နှစ်သင်းသည် ပထမအကျော့တွင် အင်တာမီလန်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ ယခုတစ်ဖန် ဗီလာရီးရဲက အိမ်ရှင်အဖြစ် လက်ခံကစားရမည်ဖြစ်သည်။

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲတက်လာနိုင်မည့် အသင်းများ၏ ခြေစွမ်းကို မကြာမီ ဘောလုံးဝါသနာရှင်များ တွေ့မြင်ရတော့မည်ဖြစ်သည်။ ။

(အင်တာနက်)

The Commerce Journal အတွဲ(၆)၊ အမှတ်(၇)ဖြန့်ချိ

ရန်ကုန် ဧပြီ ၃

The Commerce Journal အတွဲ(၆)၊ အမှတ်(၇)ကို ဖြန့်ချိထားသည်။ ယခုအပတ်ဂျာနယ်တွင် ဆန်၊ ကြက်သွန်နီနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်၊ ရွှေလီမြစ်ကမ်းဘေး၌ ကြက်သွန်နီစိုက်ပျိုးဖြစ်ထွန်း၊ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းအောင် GMS-BFမှာ ထူးခြားစွာ ဆောင်ရွက်ခဲ့၍ ဆုချီးမြှင့်ခံခဲ့ရ၊ အိမ်နီးချင်းနိုင်ငံများရှိ စားဖိုချောင်ပစ္စည်းဈေးနှုန်း နှိုင်းယှဉ်ချက်၊ တရုတ်ဈေးကွက်ဝင်ပဲတီစိမ်း၊ အိမ်ရာဈေးကွက်နှင့်ဘွန်း ဈေးကွက်ခလောက်ဆန်သော်၊ တရုတ်နိုင်ငံ၏ အလုပ်အကိုင်အမျိုးအစားသစ်များ၊ ကမ္ဘာ့ရွှေဈေးတက်လိုက်ကျလိုက်၊ တရုတ်နိုင်ငံ၏ ငါးနှစ်စီမံကိန်း၊ ကိုရီးယားတီဗွီနှင့်အွန်လိုင်း ဈေးဝယ်လုပ်ငန်း၊ သတို့သမီးအရန်ဖက်ရှင်များ၊ကြော်ငြာစတား တရုတ် ဘတ်စကတ်ဘောသမား YAO၊ ရွှံ့ကဏန်း စီးပွား၊ ကြက်ငှက်တုပ်ကွေးရောဂါ ဟန့်တားမည့်ဇီဝနည်းပညာများ၊ တရုတ်နိုင်ငံ၏ပြည်ပမှ တိရစ္ဆာန်အစားအစာများ တင်သွင်းရာတွင် လိုက်နာရမည့် သတ်မှတ်ချက်များ စသည့် သတင်းများအပြင် မောင်စူးစမ်း၊ မောင်တိုင်ပင်၊ ကြည့်ရှုန်း၊ ဟံသာထွန်း၊ သိန်းမြသိန်း၊ ကျွန်းသားငမန်း၊ မောင်ပုဆိုးကြမ်းတို့၏ သုတရသစုံဆောင်းပါးများ၊ ပို့ကုန်အနိမ့်ဆုံး အမြင့်ဆုံးဈေးနှုန်း၊ ဆရာစံဇာဏီဘို၏ အမည်ဟောကိန်း၊ ရုပ်ရှင်သတင်းများဖြင့် ဝေဝေဆာဆာဖော်ပြထားပြီးအမှတ် ၃၈ လမ်း၃၀ ပန်းဘဲတန်းမြို့နယ်က တစ်ပြည်လုံးသို့ဖြန့်ချိထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း၇ရက်
(အဖိတ်နေ့)
၄-၄-၂၀၀၆ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	ကဗျာပန်းဥယျာဉ်
၈း၀၀	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈း၂၀	၈။	ခါသကြိန်အဆိုအကများ
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သချ်ာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) [ရူပဗေဒ]
၁၆း၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၆း၅၅	၅။	ခံစားနားဆင် တေးဇာတ်ဝင်
၁၇း၀၅	၆။	**"ရောင်ပြန်ဟပ်ခြင်း"** မင်းအုပ်စိုး၊ ကုသိုလ် (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၇း၁၀	၇။	ကြေးမုံရိပ်သွင်တေးနယဉ်
၁၇း၂၅	၈။	ခါသကြိန်အဆိုအကများ
၁၇း၃၅	၉။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀	၁၀။	ညနေခင်းသတင်း
၁၈း၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၂။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး"**(အပိုင်း-၇၈) (ဇာတ်သိမ်းပိုင်း)
၁၈း၅၅	၁၃။	ပျော်ပျော်ရွှင်ရွှင်ဆင်ယင်နွှဲ ၂၀၀၆ခုနှစ် မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ(အပိုင်း-၁)
၁၉း၀၅	၁၄။	လူ့အခွင့်အရေး သကြားအုပ်ထားသော အမေရိကန်အဆိပ်ဆေး (အပိုင်း-၂)
၁၉း၁၅	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာနုနု"** (အပိုင်း-၂)
၂၀း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အိပ်မက်ကမ္ဘာ"**(အပိုင်း-၄)
	၂၀။	အစီအစဉ်ပြီး၏။

နိဗ္ဗာန်ဆိပ်ဦးရိပ်သာ သင်္ကြန်ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၃

လှည်းကူးမြို့ နိဗ္ဗာန်ဆိပ်ဦး မဟာစည် သာသနာ့ရိပ်သာတွင် မဟာသတိပဋ္ဌာန်အလုပ်ပေး ခုနစ်ရက် တရားစခန်းပွဲကို ဧပြီ ၁၂ရက်မှ ၁၈ ရက်အထိ ခုနစ်ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများနှင့် ဆွမ်းကွမ်း ဝေယျာဝစ္စ လှူဒါန်းလိုသူများသည် ဖုန်း-၆၂၉၄၇၀ သို့ ကြိုတင်စာရင်းပေးသွင်း လှူဒါန်းနိုင်ကြသည်။

ထို့အတူ လှည်းကူးမြို့နယ် ကံ့ကော်ကျွန်းတောရရိပ်သာတွင် ဧပြီ ၁၄ ရက်မှ ၁၈ ရက်အထိ ငါးရက်တိုင်တိုင် သင်္ကြန် အထူးတရားစခန်း ပြုလုပ်မည်ဖြစ်ရာ ဖုန်း-၀၉-၅၀၀၁၀၈၀နှင့် ၆၂၉၄၈၇တို့သို့ ဆက်သွယ် စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပေါင်းတည်မြို့နယ် သဖန်းချိုကျေးရွာ ဓမ္မသဘင်

ပေါင်းတည် ဧပြီ ၁

ပဲခူးတိုင်း ပေါင်းတည်မြို့နယ် သဖန်းချိုကျေးရွာ သဖန်းချိုဘုန်းတော်ကြီးကျောင်းတွင် တတိယအကြိမ်မြောက် ကျင်းပသော စုပေါင်းရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာပွဲတွင် ညစဉ် ၇နာရီမှစတင်၍ တရားပွဲ ကျင်းပမည် ဖြစ်ရာ ဧပြီ၇ရက်တွင် ရွှေမော်ဝန်း အရှင်ဝါယမ(သာသနဇဓ မဇ္ဈာစရိယ)၊ ၈ရက်တွင် ထန်းဇင် အရှင်ဝိသုဒ္ဓ (သာသနဇဓ မဇ္ဈာစရိယ)၊ ၉ရက်တွင် ရွှေရင်အေးဆရာတော် အရှင်ပညာနန္ဒ (နယ်လှည့် ဓမ္မကထိက)တို့က တရားတော်များ ဟောကြား ချီးမြှင့်တော်မူမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

ချမ်းမြသာစည် မနော်ဟရီလမ်း ကတ္တရာဖျန်းယာဉ်ဖြင့်လမ်းခင်း
စံချိန်ပြည့်မီရေးနှင့် စက်ယန္တရားများအကျိုးရှိရှိအသုံးပြုဆောင်ရွက်

မန္တလေး မတ် ၂၀

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပုနှင့် ဌာနမှူးများလိုက်ပါလျက် မတ်၁၂ရက် မွန်းတည့် ၁၂နာရီက ချမ်းမြသာစည်မြို့နယ်ရှိ မနော်ဟရီလမ်းတစ်လျှောက် ၆၅လမ်းမှ၆၈လမ်းအထိ ကတ္တရာဖျန်းယာဉ်ဖြင့် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးနှင့် စက်ယန္တရားကြီးများအား အကျိုးရှိရှိ အသုံးပြုရေးနှင့် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းများ ဆက်လက်ခင်းနိုင်ရေးအတွက် စီမံဆောင်ရွက်သွားရေးတို့ကို လမ်းတံတားဌာန ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများအား မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် မန္တလေးတောင်အနီးရှိ နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရားအဝင်မုခ်ဦးတည်ဆောက်နေမှုနှင့် ဘုရားဘက်စုံပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ဈေးလမ်း၊ ရတနာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ်၂၆ ရက်က ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် လမ်းကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

မိုင်းပျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကြက်ဆူပင်ပျိုးထောင်မှုကို မတ်၇ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးလုကာ စစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

ကရင်ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့
မသန်စွမ်း စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေချီးမြှင့်

ဘားအံ မတ် ၂၁

ကရင် ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ပြည်နယ်အတွင်းရှိ မြို့နယ်များမှ မသန်စွမ်း စစ်မှုထမ်းဟောင်း ၁၂၉ဦးအား ထောက်ပံ့ငွေ ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၆ရက်က ဘားအံမြို့ ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးအစည်းအဝေးခန်းမတွင်ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်အဖွဲ့နာယကကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး**(အပေါ်ပုံ)**က ခရိုင်အလိုက် ခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများသို့ မသန်စွမ်းစစ်မှု ထမ်းဟောင်း ၁၂၉ဦး အတွက် တစ်ဦးလျှင် ကရင်ပြည်နယ် စစ်မှုထမ်း ဟောင်းအဖွဲ့က ထောက်ပံ့ငွေ ကျပ် ၈၀၀၀၊ ကရင် ပြည်နယ် အေးချမ်းသာ ယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီက ထောက်ပံ့ ငွေကျပ်၂၀၀၀ စု စု ပေါင်း ငွေ ကျပ် ၁၀၀၀၀ဖြင့် ထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ် ၁၂၉၀၀၀၀ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အသံ

၅-၄-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (နည်းပညာသုံး စက်မှုအလှကုန် ထုတ်လုပ်မှုအကြောင်း)

၁၂း၀၀ ယဉ်ကျေးမှုအနုပညာ (မန္တလေးမြို့က ရွှေခြည်ထိုးလုပ်ငန်း)

၁၂း၂၅ သူ့အတွေ့နှင့် သူ့အရေး (တစ်ခွန်းစကားပြောကြားတတ်စေ-ဒေါက်တာမြတ်ထွဋ်ညွန့်)

ညနေပိုင်း

၁၇း၃၀ အစာနှင့်အာဟာရ [မုန်လာချောင်း (ခ)အော်စွန်းချောင်း)

၁၇း၄၅ အဆို၊ အက၊ အရေး၊ အတီးဆုရ အစီအစဉ် [မန္တလေးတိုင်းက တို့ဗိုလ်မ(ခ)မိုးသူဇာအေး၏ ဆိုင်းလက်သံ)

၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)သူတို့ပြောသည့် အချစ်ဆိုသည်မှာ (ကောင်းသန့်) (၂)သာလွန်-အင်္ဂလိပ်-မြန်မာ အိတ်ဆောင်အဘိဓာန် [ဦးတင်ဝင်းနိုင်(သာလွန်)]

၁၉း၁၅ မေတ္တာလက်ဆောင်ရ တေးစီးရီး (မာစတာ တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် သကြ်ာန်နှုတ်ခွန်းဆက် တေးစီးရီး)

တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြသ

ညောင်ရွှေ မတ် ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြပွဲကို ဖေဖော်ဝါရီ ၁၁ရက်နှင့် ၁၂ရက်က မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းရင်းသားရိုးရာဝတ်စား ဆင်ယင်မှုပြပွဲတွင် အသက်(၁၆)နှစ် အထက် အမျိုးသမီးငယ် ၁၅ဦး တို့က သရုပ်ဆောင် ပြသကြကြောင်း သိရသည်။

(၀၂၇)

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ကုသနှိမ်နင်းရေးကော်မတီဖွဲ့စည်း

နွားထိုးကြီး မတ် ၂၆

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ကုသနှိမ်နင်းရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း အစည်းအဝေးကို မတ်၁၈ရက်က နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးဒေါက်တာ ဦးခင်မောင်ကြီးက ကြက်ငှက်တုပ်ကွေးရောဂါမှတစ်ဆင့် လူကိုကူးစက်စေတတ်သော ရောဂါဆိုးအကြောင်း ရှင်းလင်းပြောကြားသည်။

ကူးစက်ရောဂါအကြောင်းပြောကြား

ဆက်လက်၍ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးဒေါက်တာ ဦးသိဏ်းနိုင်က ကြက်ငှက်တုပ်ကွေးရောဂါသည် တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များမှတစ်ဆင့် ရောဂါဆိုးများ သယ်ဆောင်လာပြီး ကြက်၊ ဘဲ၊ ငုံးအစရှိသော အိမ်မွေးတိရစ္ဆာန်ငှက်များကို ကူးစက်ပြီး ထိုမှတစ်ဆင့် လူကိုကူးစက်ရောဂါ ဖြစ်စေနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ကုသနှိမ်နင်းရေးကော်မတီဖွဲ့စည်း၍ မြို့အလိုက်အဖွဲ့(၅)ဖွဲ့ ဖွဲ့စည်းပြီး ကာကွယ်ခြင်း၊ ကုသခြင်းနှင့် နှိမ်နင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြမည်ဖြစ်ကြောင်းသိရသည်။ (၂၁၃)

ကောလင်း ရွှေမင်းဝံလမ်း ကတ္တရာခင်း

ကောလင်း မတ် ၂၅

ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်နိုင်သည် ဖေဖော်ဝါရီ၁၀ရက်က ကောလင်းမြို့ ရွှေမင်းဝံလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ကွင်းဆင်း ကြပ်မတ်ဆောင်ရွက်ပေးသည်။

အဆိုပါအဖွဲ့သည် ရွှေမင်းဝံ ကတ္တရာလမ်းခင်းရန် အတွက် လိုအပ်သောကျောက်များကို အဖွဲ့ပိုင် ကျောက်ခွဲစက်ဖြင့်ခွဲစိတ်ခြင်း၊ လမ်းဘေးဝဲယာ ရေနုတ်မြောင်း တူးဖော်ခြင်းနှင့် မြေသားပြုပြင်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၀၂၆)**

ကွင်းဆင်းတိုင်းတာ

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော အဖျောက်- ဥတိုကျေးရွာ ဂဝံလမ်း အရှည်နှစ်မိုင်၊ အကျယ် ၁၂ပေ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၂၂ရက်က အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်း တိုင်းတာဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးပွဲကျင်းပ

မြင်းခြံ မတ် ၁၅

ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲကို မတ်၅ရက်က မြင်းခြံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးနယ်မြေ(၁) ထနောင်းတိုင်ကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ဝင်းကြည်က ခြံစည်းရိုးကြက်ဆူပျိုးကိုင်းများနှင့် မျိုးစေ့များကို နယ်မြေတာဝန်ခံ မြို့နယ်အလုပ်အမှုဆောင် ဦးညိုထံသို့ပေးအပ်ပြီး စိုက်ပျိုးပွဲကို ကျင်းပကြောင်းသိရသည်။ (၄၀၂)

ဒိုက်ဦးမြို့နယ် ပန်းခိုင်ကျေးရွာ အလယ်တန်းကျောင်း(ခွဲ) ပန္နက်တင်

ဒိုက်ဦး မတ် ၂၅

ပဲခူးခရိုင် ဒိုက်ဦးမြို့နယ် ပန်းခိုင်ကျေးရွာတွင် အလှူရှင်ဦးဟန်ထွန်းအောင်-ဒေါ်ခင်သောင်း(ထွန်းရတနာ) မိသားစုတို့က လှူဒါန်းသော အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) နှစ်ထပ်ကျောင်းဆောင်သစ် ပန္နက်တင် မင်္ဂလာအခမ်းအနားကို မတ် ၁၈ ရက် နံနက် ၉ နာရီက ကျောင်းဆောင်သစ်မြေနေရာ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မင်း၊ ဒိုက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်ဦးဟန်ထွန်းအောင်-ဒေါ်ခင်သောင်း(ထွန်းရတနာ) မိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး**(အောက်ပုံ)** အလှူရှင် ဦးဟန်ထွန်းအောင်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ကျောင်းဆောင်သစ် မြေနေရာ၌ ပန္နက်ရိုက်ပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် မြို့နယ် ကန်တော်ကလေး ၉၂ လမ်း အမှတ်(၆၂)နေ နှစ်ဖက်မိဘများအားအမှူးထား၍ ဦးမောင်မောင်ခင်-ဒေါ် လွင်လွင်သိန်း၊ သမီး မယုစန္ဒီမောင် မိသားစုတို့က ရောဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရှေ့ကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေဘုရား စေတီရံ တစ်ဆူအတွက် အလှူတော်ငွေကျပ်တစ်သိန်းလှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ကျောက်ဆည်မြို့နယ် ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှု ဆင့်ပွားသင်တန်းဖွင့်

ကျောက်ဆည် မတ် ၂၉

ကျောက်ဆည်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ နွေဦးအားမာန် နွေရာသီ သင်တန်းပေါင်းစုံဖွင့်လှစ်ရေးအစီအစဉ်အရ မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှု ဆင့်ပွားသင်တန်းအမှတ်စဉ် (၇/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ရက် နံနက် ၉နာရီက စမာကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပသည်။

ရည်ရွယ်ချက်

သင်တန်းဖွင့်ပွဲတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်နှင့် ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာရဲဝင်းနိုင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်အသင်းအတွင်းရေးမှူးဦးသီဟဆွေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

သင်တန်းသို့ စမာဇုန်နယ်မြေရှိ ပတ်ဝန်းကျင်ကျေးရွာ ၂၅ရွာမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်၊ သင်တန်းသား သင်တန်းသူ ၁၂၅ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

ပုသိမ်မြို့ အမှတ် (၃)နယ်မြေ သိမ်တော်ကြီးလမ်း ဇေယျဝံသ ပရိယတ္တိ စာသင်တိုက်ရှိ ကရုဏာလူမှုကူညီရေးအသင်းသို့ အမှတ် (၄၇)ကွင်းတန်းလမ်းနေ ဆရာမ ဒေါ်အေးကျင် (ပညာရေး-ငြိမ်း) နှင့် သား ဦးဝင်းမြင့်ဦး (ပုသိမ်တက္ကသိုလ်)တို့က အလှူငွေကျပ် တစ်သိန်း ပေးအပ် လှူဒါန်းရာ အသင်း ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်ခတို့က လက်ခံယူစဉ်။ (က-ပ)

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နောင်ပိန်-ထန်းတပင်-မော်ဇာလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂၈ ရက်က အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်လင်းမောင်တို့ ကွင်းဆင်းကြပ်မတ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

မင်္ဂလာဥယျာဉ် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့် ကျောင်းကုန်း၌ လှူဒါန်းရခြင်းရည်ရွယ်ချက်ရှင်းလင်း

ကျောင်းကုန်း ဧပြီ ၂

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဦးစောမောင်- ဒေါ်တင်လှ(ဒေါ်ရိတ်ကြီးလက်ဖက်ဆိုင်)က ဆောက်လုပ်လှူဒါန်းသည့်ငွေကျပ်သိန်း၃၀ကျော်တန် မင်္ဂလာဥယျာဉ်စာကြည့်တိုက် အဆောက်အုံသစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို မတ် ၂၅ရက် နံနက်၈နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် မကျီးပင်ကွင်းအုပ်စု ဥယျာဉ်တန်းကျေးရွာ မင်္ဂလာဥယျာဉ်စာကြည့်တိုက်တွင် ကျင်းပသည်။

ထို့နောက် အလှူရှင်ဒေါ်တင်လှ(ဒေါ်ရိတ်ကြီး)က စာကြည့်တိုက်ဆောက်လုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများနှင့် အဆောက်အအုံကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်စမ်းစမ်းကျော်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ စာကြည့်တိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ အလှူရှင်ဒေါ်တင်လှ(ဒေါ်ရိတ်ကြီး)နှင့်မြို့နယ်ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ဝဲပုံ)**

ယင်းနောက် အလှူငွေများ ဆက်လက်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က ငွေကျပ် ၁၁၀၀၀၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကငွေကျပ်၁၀၀၀၀၊မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အလှူငွေကျပ် ၅၀၀၀တို့ကို လှူဒါန်းကြကြောင်းသိရသည်။**(၂၆၅)**

ညောင်လေးပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် ဟောပြောပွဲကို မတ် ၂၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး အသင်း၏ ရည်ရွယ်ချက်၊ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားစဉ်။ (၁၃၄)

မိုင်းဆတ်မြို့နယ် နားကော-မယ်ဆတ် ကျေးလက်ကျောက်ချောလမ်းဖွင့်

မိုင်းဆတ် မတ် ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နားကောရွာနှင့် မယ်ဆတ်ရွာဆက်သွယ်သော ကျေးလက်မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်ခဲ့ပြီး မတ် ၂၁ ရက် နံနက် ၈ နာရီက နားကော-မယ်ဆတ်ကျောက်ချော လမ်းသစ်ဖွင့်ပွဲ ကျင်းပရာ အခမ်းအနားသို့ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများ တက်ရောက်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ညွန့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးတင့်ဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းမှာ အရှည်ပေ ၆၆၀၊ အကျယ် ၁၂ ပေရှိပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ကျပ် ၁၄ သိန်းဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

(မြို့နယ် စည်ပင်)

4-4 (16).p65 1 1/5/32, 2:47 PM

သန်လျင်မြို့ သာသနာ့ဗိမာန်တည်ဆောက်ရေးပန္နက်တင်မင်္ဂလာကျင်းပ

သန်လျင် ဧပြီ ၁

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့၏ကျက်သရေဆောင် သာသနာ့ဗိမာန်တော်တည်ဆောက်ရေး ပန္နက်တင်မင်္ဂလာအခမ်းအနားကို မတ် ၂၇ ရက်က သန်လျင်မြို့ ကျိုက်ခေါက်ဘုရားလမ်း သာသနာ့ဗိမာန် ယာယီမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် သန်လျင် မင်းကျောင်းဆရာတော် ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ငြိမ့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်က သာသနာရေး ဆိုင်ရာများ လျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ သာသနာ့ဗိမာန် တည်ဆောက်ရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မြတ်စိုး(အငြိမ်းစား)က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းလျှောက်ထားပြီး ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပန္နက်တင်

ယင်းနောက် မင်္ဂလာအချိန်တွင် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်နှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ပန္နက်တင်ပေးကြသည်။ **(အပေါ်ပုံ)**

သန်လျင်မြို့၏ ကျက်သရေဆောင် သာသနာ့ဗိမာန်တည်ဆောက်ရေးအတွက် ရပ်နီး၊ ရပ်ဝေးမှ လှူဒါန်းလိုသော အလှူရှင်များ ရုံးအဖွဲ့ ဖုန်း-၀၅၆-၂၁၀၀၄၊ နီလာမင်းရွှေဆိုင် မြို့မဈေး ဖုန်း-၀၅၆-၂၁၂၀၁ နှင့် ၀၉ ၅၀-၁၅၀၂၁ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၅) ရပ်ကွက် အောက်ပုဇွန်တောင်ကြာညိုလမ်း အမှတ်(၂၀) နေ ဦးစိုးသန်း-ဒေါ်လေးကြည်နှင့်သမီးများက ဒဂုံမြို့နယ် အမှတ်(၁၂)စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်သိန်း၂၀ကို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မော်ကျွန်း နာရေးကူညီမှုအသင်းသို့ အလှူငွေပေးအပ် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ ပါဝင်လှူဒါန်းနိုင်

မော်လမြိုင်ကျွန်း မတ် ၂၆

မော်လမြိုင်ကျွန်းမြို့ နာရေးကူညီမှုအသင်းသို့ အလှူငွေပေးအပ်လှူဒါန်းပွဲကို မတ် ၂၀ ရက်နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့ မဟာဗန္ဓုလ(၁)လမ်းရှိနာရေးကူညီမှုအသင်းရုံးခန်းမ၌ ကျင်းပသည်။

လှူဒါန်း

ယင်းအလှူငွေ ပေးအပ်ပွဲတွင် ဦးဟန်စိုး-ဒေါ်အေးအေးသန်း၊ သားမောင်မင်းသိန်းကျော်မိသားစု အောင်ဆန်း (၃)လမ်း မော်လမြိုင်ကျွန်းမြို့က အလှူငွေကျပ်ငါးသောင်းနှင့် ဦးညွန့်လွင်-ဒေါ်ညိုညို မိသားစု အမှတ်၄၂ တပင်ရွှေထီးလမ်း မော်လမြိုင်ကျွန်းမြို့က အလှူငွေကျပ် နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာမြို့နယ် နာရေးကူညီမှုအသင်းဥက္ကဋ္ဌဦးလှရွှေကလက်ခံရယူသည်။ **(ယာပုံ)**

ထို့နောက်အလှူရှင် ဦးညွန့်လွင်-ဒေါ်ညိုညိုမိသားစုက မော်လမြိုင်ကျွန်းမြို့ ချမ်းမြေ့ဘိုးဘွားရိပ်သာအတွက် အလှူငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းသည်။

အနယ်နယ်အရပ်ရပ်မှ အလှူရှင်များအနေဖြင့် ပါဝင်လှူဒါန်းလိုပါက ဦးအောင်ထိန် ရုံးအဖွဲ့မှူး နာရေးကူညီမှုအသင်း မော်လမြိုင်ကျွန်းမြို့သို့ ဆက်သွယ် ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ဝ၉၇)**

ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော စည်ပင်သာယာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနိုနှင့်အဖွဲ့ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးညီညီသန့်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ယင်လုံအိမ်သာ သုံးစွဲရေးစစ်ဆေး

ဆင်ဘို မတ် ၁၅

ဆင်ဘိုမြို့ စည်ပင်သာယာရေးဖွဲ့သည် ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်မှုရရှိစေရန် မတ် ၄ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်း၍ယင်လုံအိမ်သာသုံးစွဲရေး လိုက်လံကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(ပြည်နယ်စည်ပင်)**

မင်းတပ်မြို့၌ ရေပိုက်လိုင်းများ တိုးချဲ့သွယ်တန်း

မင်းတပ် မတ် ၁၅

မင်းတပ်မြို့အတွင်းရှိ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် မင်းတပ်မြို့မှ ၁၄မိုင်အကွာ မူလောင်းချောင်းအထိ တိုးချဲ့ ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းခွင်သို့ မတ်၃ရက် က မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဆွေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆွေးအုပ်တို့က လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စုပေါင်းသွေးလှူဒါန်းပွဲ မြစ်ကြီးနား၌ကျင်းပ

မြစ်ကြီးနား မတ် ၂၈

ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြီးမှူး၍ စုပေါင်းသွေးလှူဒါန်းပွဲကို မတ် ၁၅ရက် နံနက် ၉နာရီက မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် ကျင်းပသည်။

အဆိုပါ သွေးလှူဒါန်းပွဲသို့ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့တပ်ဖွဲ့မှူး ဦးစီးမှူး ပထမတန်း ဦးဂဲနက်စ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ပညာရေးကောလိပ်မှ သင်တန်းသူ၂၀၊ကြက်ခြေနီတပ်ဖွဲ့မှ ၁၃ဦး၊ မြစ်ကြီးနား တက္ကသိုလ်နှင့် နည်းပညာကောလိပ်မှ ၁၉ဦး စုစုပေါင်း ၅၂ဦးတို့ သွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)** **(စာပေနှင့်စာနယ်ဇင်း)**

ရေဦးမြို့ မဟာဗန္ဓုလလမ်း ကတ္တရာလမ်းသစ်ဖွင့်

ရေဦး မတ် ၂၈

ရေဦးမြို့ မဟာဗန္ဓုလလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ရက် နံနက် ၁၀နာရီက အဆိုပါလမ်းသစ်မုခ်ဦးထိပ်၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထင်ကျော်အေးက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးငွေကိုက လမ်းနှင့်ပတ်သက်သည့် အချက်များကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် လမ်းဖြစ်မြောက်ရေးကော်မတီတို့က အဆိုပါလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ) (မြို့နယ် စည်ပင်)**

မြဝတီမြို့နယ် မနော်ဟရီလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၀ရက်က ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးဦးအေးမြင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းလုပ်ငန်းများ စစ်ဆေး လုပ်ငန်းများ သတ်မှတ်ချိန်ပြီးစီးအောင် ဆောင်ရွက်ရေးမှာကြား

ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဖြူးချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(လယ်ယာ/ဆည်မြောင်း)

ရန်ကုန် ဧပြီ ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဧပြီ ၁ ရက် ညနေပိုင်းတွင် ပဲခူးတိုင်း ဖြူးမြို့နယ်၌ ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်နေသည့် ဖြူးချောင်းရေလှောင် တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိပြီး ပင်မတမံတည်ဆောက်ရန် ရေလွှဲဥမင်တူးဖော်နေမှု၊ အထွက်ပိုင်း၌ ဥမင်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ရှင်းလင်းတင်ပြသည်။

ကြည့်ရှု

ဆက်လက်၍ ဝန်ကြီးသည် ပင်မတမံ တည်ဆောက်မည့်နေရာနှင့် လျှပ်စစ်ထုတ်ယူမည့် ရေလွှဲ ဥမင်တည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုသည်။

ဆက်လက်တူးဖော်

ယင်းနောက် ဝန်ကြီးသည် ရေလွှဲဥမင်အဝင်ပိုင်းတွင် တူးဖော်ပြီးစီးသောအပိုင်း၌ အတွင်းပိုင်း ကွန်ကရစ်လောင်းမှု၊ တူးဖော်ပြီးမြေသား၊ ကျောက်သားများကို မြေသယ်စက်ဖြင့် ဥမင်အတွင်းမှသယ် ထုတ်မှု၊ ဥမင်အား ဆက်လက်တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ရေလွှဲဥမင်မှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ကာ မြင်းခွာပုံ အချင်း ၁၃ ပေ၊ အရှည် ၂၄၇၇ ပေရှိသည်။

ယခုအခါ ၂၄၆၅ ပေ တူးဖော်ပြီးဖြစ်၍ အတွင်းပိုင်း အချောကိုင်လျက် ရှိသည့်အပြင်

စာမျက်နှာ ၉ ကော်လံ ၅ ❐



နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်းဆင်းပွဲနှင့် ဖွင့်ပွဲကျင်းပ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်အမှာစကားပြောကြား ထူးချွန်ဆုရ ကျောင်းသားများအား ဆုများချီးမြှင့်

ရန်ကုန် ဧပြီ ၃

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းရှိ ရေကြောင်းပညာသိပ္ပံစစ်ရေးပြကွင်း၌ ကျင်းပသော ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်း အပတ်စဉ်စီဒီ(၃၃)ဆင်းပွဲနှင့် အပတ်စဉ်စီဒီ(၃၄) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုရ ကျောင်းသားများအား ဆုများပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၇ ကော်လံ ၅ ●

တိမ်အသင့်အတင့်ဖြစ်ထွန်း

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (ဧပြီ ၄ ရက်)၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ကွန်ပျူတာပရိုဂမ် အဆင့်မြင့်သင်တန်း တက်ရောက်သင်ကြားနေသော သင်တန်းသား သင်တန်းသူများကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ခေတ်နှင့်အညီ အိုင်စီတီ နည်းပညာများ တိုးတက်လာရန် ကွန်ပျူတာပညာရှင်များ စနစ်တကျ မွေးထုတ်သင်ကြား

သတင်းဆောင်းပါး - မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၃

၂၁ ရာစု ခေတ်ကာလသည် နည်းပညာယှဉ်ပြိုင်မှုများ ကြီးထွားလာသော ခေတ်တစ်ခေတ်ဖြစ်လာသည်။

ယနေ့ လူငယ်လူရွယ်များသည် နည်းပညာယှဉ်ပြိုင်မှုများ၏ လူ့စွမ်းအား အရင်းအမြစ်များဖြစ်ကြသည်။ လူငယ်လူရွယ်တိုင်း ခေတ်နှင့်အညီ အမီလိုက်နိုင်စေရန်အတွက် ကွန်ပျူတာ၊ အင်တာနက်နှင့် အီးမေးလ်စသော အိုင်စီတီနည်းပညာများ ကျွမ်းကျင်တတ်မြောက်ထားရန် အရေးကြီးလာသည်။

ကွန်ပျူတာနည်းပညာများသည် အိုင်တီနည်းပညာ၏ အခြေခံကျသော ပညာရပ်များပင် ဖြစ်သည်။

ရင်ပေါင်တန်းလာခဲ့

ယနေ့တပ်မတော်အစိုးရက လူငယ်လူရွယ်များ ကွန်ပျူတာနည်းပညာများ တတ်မြောက်ကျွမ်းကျင်လာစေပြီး ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက်

စာမျက်နှာ ၇ ကော်လံ ၁ ✡